# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဩဂုတ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ စနေနေ့။ Saturday, 28 June 2025 ၁၁၈၆၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ပေါင်းစုံရှိနေပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် နိုင်ငံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍတို့တွင်သာမက စီးပွားရေး အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လည်း ဆန္ဒရှိ

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ**
H.E. Mr. Alexander Gregoryevich Lukashenko



**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

**ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။




ကြေးမုံ

# ဥရောပ-အာရှ ပေါင်းစည်းညီညွတ်ရေး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ "ဥရောပ-အာရှ စီးပွားရေးပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့် အလားအလာများ" ခေါင်းစဉ်ဖြင့်ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025) မျက်နှာစုံညီအစည်းအဝေးတွင် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏ အခြေခံမူများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သည့်အခြေခံမူများကိုအလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EAEU ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထားစိတ်ဝင်စားသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)သည် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၂၀၁၅ ခုနှစ်မှစတင်၍ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်စေရန် ရည်ရွယ်ပြီး ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဖိတ်ကြားခြင်းခံရသော နိုင်ငံများအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF) ကျင်းပခဲ့သည်မှာ စတုတ္ထအကြိမ်ရှိပြီဖြစ်သည်။ ယခုလိုဖိုရမ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) အနေဖြင့် ပြောင်းလဲနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်နှင့်အညီ နိုင်ငံတကာအခန်းကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍ ပလက်ဖောင်းတစ်ခုပေါ်ထွက်ရေး၊ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုစနစ်မြှင့်တင်ရေး၊ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် (FTA) များပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ငွေကြေးဆိုင်ရာအထောက်အကူပြုနည်းလမ်းများ တိုးတက်ရေးတို့ကို အကောင်အထည်ဖော်နိုင်သည်ဟု သိရသည်။

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) တို့အကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင် (EEC) ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့သည်။ ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်မှစတင်၍ အရှိန်အဟုန်မြင့်တက်လာခဲ့သည်။ ထိုစဉ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ - အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ပြီး ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုတွင် အရှိန်မြှင့်တင်နိုင်ခဲ့သည်။ စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့နေရသော နိုင်ငံတကာအခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် ဥရောပ-အာရှစီးပွားရေးဖိုရမ်သည် နိုင်ငံများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ စသည့် ရလဒ်ကောင်းများပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။ ဖိုရမ်တွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ လူပေါင်း ၂၇၀၀ ကျော် ပါဝင်တက်ရောက်၍ မျက်နှာစုံညီအစည်းအဝေးများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ စီးပွားရေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစုအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန် စိတ်အားထက်သန်လျက်ရှိပြီး လောလောဆယ်တွင် လေ့လာသူနိုင်ငံအဖြစ် ဆောလျင်စွာဆောင်ရွက်ပေးနိုင်ရေး ထောက်ခံဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂတို့အကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် တန်းတူညီမျှမှုတို့အပေါ်အခြေခံပြီး ထိတွေ့ဆက်ဆံမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဥရောပ-အာရှ စီးပွားရေးပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့် အလားအလာကောင်းများကို မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ဆက်လက်ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

**၂၇-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ




## ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇွန် ၂၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၆၀၀ | ၅၈၃ | ၃,၈၄၇,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁,၀၁၁ | ၃,၁၀၅,၆၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၅ | ၃၇,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၆၅ | ၁၁၇,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၂၂၅ | ၆၂၀,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၅၅၀ | ၁,၂၇၂ | ၁,၉၉၂,၇၀၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၄၀၆ | ၁,၅၈၄,၀၀၀ |
| MAEX | ၃,၀၀၀ | ၃,၁၀၀ | ၇၀၅ | ၂,၁၁၅,၅၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ဒေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

တွေ့ဆုံဆွေးနွေးရာတွင် ဘယ်လာရုစ် သမ္မတနိုင်ငံသမ္မတက အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ယခုအကြိမ်တွေ့ဆုံမှု၌ ယခင်က တွေ့ဆုံဆွေးနွေးမှုများတွင် ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနှင့်ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် အထူးစိတ်ဝင်စားမှုရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်မြေပုံ(Action Plan)ကို နည်းဗျူဟာ၊ မဟာဗျူဟာကျကျရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် နိုင်ငံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍတို့တွင်သာမက စီးပွားရေးအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လည်း မိမိအနေဖြင့် ဆန္ဒရှိကြောင်းကိုပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားရန် ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့်ပြောကြားပြီး ဘယ်လာရုစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ စတုတ္ထအကြိမ် ဥရောပ–အာရှစီးပွားရေးဖိုရမ် (Eurasian Economic Forum 2025 – EEF 2025)အား အိမ်ရှင်အဖြစ်ကျင်းပနေချိန် လုပ်ငန်းတာဝန်များ များပြားသည့်ကြားမှ လက်ခံတွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များအမြန်ဆုံးစေလွှတ်ပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ခြင်းနှင့် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပံ့ပိုးပေးခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိသည်ကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများကိုယ်စား ထပ်လောင်းပြောကြားလိုပါကြောင်း။

**အခွင့်အလမ်းများစွာကိုလည်း ရရှိခဲ့**

စတုတ္ထအကြိမ် ဥရောပ–အာရှစီးပွားရေးဖိုရမ် (Eurasian Economic Forum 2025 – EEF 2025)သို့ တက်ရောက်ရသည့်အတွက် မြန်မာနိုင်ငံနှင့် EAEU အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း ရရှိခဲ့ကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ပေါင်းစုံရှိနေပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း စက်ရုံ၊ အလုပ်ရုံများကို သွားရောက်လေ့လာခဲ့ကာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် စတုတ္ထအကြိမ် ဥရောပ–အာရှစီးပွားရေးဖိုရမ် (Eurasian Economic Forum 2025 – EEF 2025) သို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ္စတန်နိုင်ငံသမ္မတ၊ ဥရောပ–အာရှ စီးပွားရေးကော်မရှင်(EEC)ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ EAEU Observers နိုင်ငံဖြစ်သည့် ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ၊ ဖိတ်ကြားထားသည့် နိုင်ငံများဖြစ်ကြသည့် မွန်ဂိုလီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံတို့မှ အစိုးရအဖွဲ့အကြီးအကဲကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေးလျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်

**နေပြည်တော် ဇွန် ၂၇**

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက် စက်ရုံနှင့် Slutsk Cheese Factory နို့မှုန့်စက်ရုံတို့သို့ သွားရောက်လေ့လာ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Efimov A.V. နှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၂၇

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက် စက်ရုံနှင့် Slutsk Cheese Factory နို့မှုန့်စက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Minsk Tractor Works ထွန်စက် စက်ရုံသို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Efimov A.V. နှင့် စက်ရုံ ညွှန်ကြားရေးမှူးချုပ် Mr. Avramenko S.A. တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးရေး လုပ်ငန်းသုံး လယ်ယာမြေပြုပြင် ထွန်ယက်ရာတွင် အသုံးပြုသည့်ယာဉ်များ၊ စိုက်ပျိုးရာတွင် အသုံးပြုသည့်ယာဉ်များ၊ ပြုစုပျိုးထောင်ခြင်းနှင့် သွင်းအားစုများ ထည့်သွင်းရာတွင် အသုံးပြုသည့်ယာဉ်များ၊ မမျှော်မှန်းနိုင်သည့် သဘာဝဘေးကျရောက်မှုနှင့် မီးငြိမ်းသတ်မှုတို့တွင် အသုံးပြုသည့်ယာဉ်များ၊ စိုက်ပျိုးရေး ထွက်ကုန်များအား ဈေးကွက်အတွင်းသို့ ပို့ဆောင်ဖြန့်ချိရာတွင် အသုံးပြုသည့်ယာဉ်များနှင့် ယန္တရားများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Minsk Tractor Works ထွန်စက် စက်ရုံအတွင်း ထွန်စက်များ တပ်ဆင်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်ရုံအစည်းအဝေးခန်းမအတွင်း တွေ့ဆုံ၍ ဘယ်လာရုစ်နိုင်ငံ စက်မှုဝန်ကြီးဌာနအောက်ရှိ အကြီးစားစက်မှုပစ္စည်းထုတ်စက်ရုံ၊ အလုပ်ရုံများမှ စိုက်ပျိုးရေး လုပ်ငန်းသုံးစက်ကိရိယာများ၊ ယာဉ်ယန္တရားများ ထုတ်လုပ်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ကိရိယာများ၊ ယာဉ်ယန္တရားများ ထုတ်လုပ်ရေးတွင် နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် Minsk Tractor Works ထွန်စက် စက်ရုံ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည်

စာမျက်နှာ ၅ သို့ »»


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက် စက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Minsk Tractor Works ထွန်စက် စက်ရုံ ညွှန်ကြားရေးမှူးချုပ် Mr. Avramenko S.A. တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Slutsk Cheese Factory နို့မှုန့်စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

»»» စာမျက်နှာ ၄ မှ

စက်ရုံပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး၊ စက်ရုံညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

**တင်ပို့လျက်ရှိ**

အဆိုပါ Minsk Tractor Works ထွန်စက် စက်ရုံကို ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်စက်များထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းပေါင်း ၁၅၃၇၇ ဦးခန့်ရှိသည့် စက်ရုံတစ်ခုဖြစ်ကာ ဘယ်လာရုစ်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်စက်များထုတ်လုပ်သည့် စက်ရုံများအနက် အဓိကအရေးပါသောစက်ရုံတစ်ခုဖြစ်ပြီး စက်ရုံမှထုတ်လုပ်သည့် ထွန်စက်များကို အနောက်ဥရောပနိုင်ငံများ အပါအဝင် အာဆီယံနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Slutsk Cheese Factory နို့မှုန့်စက်ရုံသို့ ရောက်ရှိကြရာ ထုတ်လုပ်မှုဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Vitaly Gennadyevich Zlobin၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Ekaterina Sergeyevna Lapteva နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ထုတ်လုပ်မှုဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က စက်ရုံဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံဆိုင်ရာ Video Clip ကိုပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံထုတ် နို့နှင့်နို့ထွက်ပစ္စည်းများ၏ ဈေးကွက်ရရှိမှု အခြေအနေများ၊ အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက် စက်ရုံအတွင်း ထွန်စက်များ တပ်ဆင်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထုတ်လုပ်မှုဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါ Slutsk ချိစ်နှင့် နို့ချက်စက်ရုံသည် နှစ်ပေါင်း ၄၀ ကျော်ကြာ ရပ်တည်နိုင်ခဲ့ပြီး Minsk မြို့သာမက ဘယ်လာရုစ်နိုင်ငံ၏အကြီးမားဆုံးသော နို့ချက်စက်ရုံတစ်ခုဖြစ်ကြောင်း၊ ပင်မကုမ္ပဏီကြီး တစ်ခု၊ ရုံးခွဲ ငါးခု၊ ထုတ်လုပ်မှုစက်ရုံ ငါးရုံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးခြံ သုံးခုတို့ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စက်ရုံမှ တစ်ရက်လျှင် နွားနို့တန်ချိန် ၂၅၀၊ နို့မှုန့်တန်ချိန် ၁၅၀၊ နို့ထွက်ပစ္စည်း တန်ချိန် ၃၀၀၀ ၊ ထောပတ်တန်ချိန် ၁၀၀ နှင့် ချိစ် တန်ချိန် ၁၀၀ တို့ထွက်ရှိပြီး နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

★ စာမျက်နှာ ၃ မှ

## ☆ တစ်ဦးချင်းစီသင်ကြားရသည့်သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်နားလည်နိုင်ရေး ကြိုးပမ်းသွားရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာအားထုတ်သွားကြရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေးလျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူသား အရင်းအမြစ်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ **တစ်ဦးချင်းစီသင်ကြားရသည့်သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်နားလည်နိုင်ရေး ကြိုးပမ်းသွားရန်လိုသကဲ့သို့ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာအားထုတ်သွားကြရန်လို**ကြောင်း၊

**မြှင့်တင်ဆောင်ရွက်**

တပ်မတော်သားများသည် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြသူများ ဖြစ်ကြကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိတို့ဘဝတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကာ ကြိုးစားအားထုတ်နေထိုင်သွားလာခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ လွှတ်တော်ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရအကောင်းဆုံး ဖြေရှင်းခြင်းပင်ဖြစ်ကြောင်း၊ **လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို မကြာမီ ကျင်းပသွားမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ **ဒီမိုကရေစီကိုတန်ဖိုးထားသူများအနေဖြင့် ဆန္ဒမဲပေးရာတွင်ပါဝင်လာကြမည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသား အရာရှိများအနေဖြင့် နိုင်ငံတော်၏ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ်များကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားပြီး နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပ



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**ရန်ကုန် ဇွန် ၂၇**

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

အစည်းအဝေး မစတင်မီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ(၇)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် "ယခုအစည်းအဝေးသည် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တာဝန်ကျ(ဒုတိယအဖွဲ့ခွဲ)၏ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း၊ အဆုံးအဖြတ်ခံယူခြင်းများ ဆောင်ရွက်သော အစည်းအဝေးဖြစ်သည်ဟု သိရှိရပါကြောင်း၊ အသစ်ဖွဲ့စည်းတာဝန် ပေးအပ်ထားသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် အဖွဲ့ဝင်အသစ်၊ အတွေးအမြင်သစ်၊ အယူအဆသစ်များကို ထေရဝါဒဓမ္မဝိနယများနှင့်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်သွေဖည်မှုမရှိစေဘဲ ဆုံးဖြတ်ဆောင်ရွက်၍ သံဃာ့အဖွဲ့အစည်းကြီးကို ထိန်းကျောင်းသွားမည်ဟု အလေးအနက် ယုံကြည်ပါကြောင်း လျှောက်ထားသည်။

**တင်သွင်းလျှောက်ထား**

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ က တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသ ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယ က လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## တီးတိန်မြို့နယ်၌ ကော်ဖီစိုက်ကေတိုးချဲ့စိုက်ပျိုးရေးအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မည့် တာဝန်ရှိသူများအား ဂုဏ်ပြုချီးမြှင့်

**တီးတိန် ဇွန် ၂၇**

ချင်းပြည်နယ် တီးတိန်မြို့၌ တီးတိန်မြို့နယ်အတွင်း ကော်ဖီစိုက်ဧက တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် တာဝန်ရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး (တွဲဖက်) ဦးကိုဆန်းက ကော်ဖီစိုက်ဧက တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တီးတိန်မြို့နယ်တွင် ကော်ဖီတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် တာဝန်ရှိသူများအား ချင်းပြည်နယ်အစိုးရအဖွဲ့၏ ချီးမြှင့်ငွေကျပ် သိန်း ၃၀ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **မိုးမိုး**

## ပျဉ်းမနားမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**ပျဉ်းမနား ဇွန် ၂၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်အောင်က အမှာစကား ပြောကြားပြီး ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဦးက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင် ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

[ ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်) သောကြာနေ့]



**ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ သဗ္ဗညုတဉာဏ်ရှင် ဂေါတမ ဘုရားရှင်သည် ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူစဉ်က သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူစဉ်ကပင် သာဝကပါရမီဉာဏ်ဖြင့် နိဗ္ဗာန်သောင်နန်း တစ်ဖက်ကမ်းသို့ ကူးယူလျှင် ရနိုင်သော်လည်း တစ်ဦးတည်းကူးမြောက်လျှင် အကျိုးမများနိုင်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရယူနိုင်ပါမှ တရားမြတ် ဒေသနာဖောင်စကြာဖြင့် သတ္တဝါဝေနေယျတို့ကို သံသရာဝဲဂယက်မှ ထုတ်ဆောင်ပြီး အမတခေမာ ကျွန်းသာယာသို့ တင်ကာပို့မည် စိတ်ကရည်၍ **“တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ”** ဟူသော သုံးခွန်းသောစကားတို့ကို ရွှေနှုတ်တော်ဖွင့် ကျူးရင့်တော်မူကာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် လူသာမန်တို့ အလွန်တရာ ရှာမှီးနိုင်ခဲသော ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါး စသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလျက် သဘာဝတရားတို့၏အဆုံးစွန်သောသဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှာစွမ်းနိုင်သော “သမ္မာသမ္ဗောဓိ” ဆုကြီးကို ဆွတ်ခူး အောင်မြင်တော်မူခဲ့ပါသည်ဘုရား။

သတ္တဝါဝေနေယျတို့ အကျိုးစီးပွားဖြစ်ထွန်းဖို့ရန် ထားရစ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ အဆုံးအမဒေသနာတော်တို့သည် ရှေးမဟာထေရ်အစဉ်အဆက်တို့ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့၍သာ တပည့်တော်တို့အနေဖြင့် ယခုလို သာသနာတော်မြတ်ကြီး၏ “သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး” ဟူသော တာဝန်ကြီး သုံးရပ်တို့ကို ဘုန်းကံတရားကြီးမားစွာဖြင့် ထမ်းဆောင်ခွင့် ရနေကြခြင်း ဖြစ်ပါသည်ဘုရား။

ယင်းသို့ထမ်းဆောင်ကြရာ၌လည်း ရှေ့တန်းမှ မားမားရပ်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် တာဝန်ယူထမ်းဆောင်ခွင့်ရကြခြင်းသည် ဘဝသံသရာဝယ် ကြီးကျယ်မြင့်မြတ်လှသော တာဝန်ကြီးကို ထမ်းဆောင်နေကြရခြင်းဖြစ်သည်ဟု မှတ်ယူစေလိုပါသည်ဘုရား။ ဘုရားရှင်၏ တပည့်သားသာဝက အဆက်ဆက်တို့ ခေတ်အဆက်ဆက် တာဝန်ကျေကျေ ထမ်းဆောင်ခဲ့ကြ၍သာ ယနေ့အချိန်ထိတိုင်အောင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ် တည်ရှိနေခြင်းဖြစ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ထိုသို့ သဗ္ဗညုတဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက တည်တံ့နေစေရန် သံဃာ့အဖွဲ့အစည်းကြီးတွင် ထိပ်ဆုံးနေရာမှ ပါဝင်ကာ တာဝန်ယူထမ်းဆောင်နေကြသော ဘုရားတပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များအနေဖြင့်လည်း ကိုယ်တိုင်လည်း စွမ်းအားရှိသမျှ လုံ့လကြိုးကုတ် အားထုတ်ကြသလို တပည့်တော်တို့၏ မျိုးဆက်သစ် ရှင်ငယ်၊ ရဟန်းငယ်တို့အား လိုက်နာကျင့်သုံးစေရာ၌ဖြစ်စေ၊ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ကမ္မဋ္ဌာန်းပေးရာ၌ဖြစ်စေ အမှားအယွင်း အတိမ်းအစောင်း ကင်းစေရန်နှင့် ရှင်ငယ် ရဟန်းငယ်တို့အား ထိန်းကျောင်းရာ၌ လွယ်ကူချောမွေ့စေရန် **“ပဋိပတ် မကင်းသော ပရိယတ်ဖြစ်ရန် လိုအပ်သလို ပရိယတ်မကင်းသော ပဋိပတ် ဖြစ်ရန်လည်း အထူးလိုအပ်လျက်ရှိသည်”** ဆိုသည့်အချက်ကို သတိချပ်ရမည်ဖြစ်ပါသည်ဘုရား။

ထို့အတူ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့အနေဖြင့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မှန်ကန်တည့်မတ်စေရန်အတွက် အပ္ပမာဒတရား လက်ကိုင်ထားကာ သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ ဆောင်ရွက်ရမည်ဖြစ်သည်ကိုလည်း အထူးအလေးထား လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့သည်-

**ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။**
**ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ**
**နိယောဇကော** - ဟူသော အင်္ဂုတ္တရ ပါဠိတော်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တသုတ်၌ လာသော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါ အရည်အချင်း (၇)ရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ဆောင်ရွက်သင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ယင်းဂုဏ်အင်္ဂါ (၇) ရပ်တို့တွင်-

(၁) **ပိယဂုဏ်ဆိုသည်မှာ** သီတင်းသုံးဖော်တို့က ချစ်ခင်နှစ်လိုကြည်ညိုအပ်သော ဂုဏ်ဖြစ်ပါသည်။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ချစ်ခင်နှစ်လို ကြည်ညိုမှု၊ ရဟန်း ရှင်လူ ပြည်သူပြည်သားများ၏ ချစ်ခင်နှစ်လို ကြည်ညိုမှုကို ခံထိုက်သောပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။

(၂) **ဂရုဂုဏ်ဆိုသည်မှာ** သီတင်းသုံးဖော်တို့က ရိုသေလေးစားအပ်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ရိုသေလေးစားမှု၊ ရဟန်းရှင်လူ ပြည်သူပြည်သားအများစု၏ ရိုသေလေးစားမှုကို ခံထိုက်သော ဂရုဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။

(၃) **ဘာဝနီယဂုဏ်ဆိုသည်မှာ “ဘာဝနီယောတိ အဒ္ဓါ အယမာယသ္မာ ဇာနံ ဇာနာတိ၊ ပဿံ ပဿတီတိ သမ္ဘာဝနီယော”** ဟူသော အဋ္ဌကထာအဖွင့်အရ “ဤအရှင်သည် မချွတ်ဧကန် သိသင့်သည်ကို သိတတ်၊ မြင်သင့်သည်ကို မြင်တတ်ပါပေသည်” ဟု ချီးမွမ်းထိုက်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများစုက “ဤဆရာတော်များသည် ဓမ္မဝိနယနှင့် ညီ/မညီ စသည့်သိမြင်သင့်သိမြင်ထိုက်သည်များကို သိမြင်တော်မူကြသည့် ဆရာတော်များ ဖြစ်ကြပါပေသည်။ သိမြင်တော်မူကြသည့်အတိုင်း ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်တော်မူကြသော ဆရာတော်များဖြစ်ကြပါပေသည်”ဟု ချီးမွမ်းထိုက်သည့် ဘာဝနီယဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၄) **ဝတ္တာဂုဏ်ဆိုသည်မှာ “ဝတ္တာတိ ဝစနကုသလော”** ဟူသော အဋ္ဌကထာ အဖွင့်အရ စကားအရာ၌ လိမ္မာပါးနပ်စွာ ပြောဆိုတတ်သောဂုဏ် ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၊ ရဟန်းရှင်လူ၊ ပြည်သူအများနှင့် ဆက်ဆံပြောဆိုနေကြရသော ပုဂ္ဂိုလ်များဖြစ်သည့် အားလျော်စွာ စကားပြောဆိုရာတွင် လိမ္မာပါးနပ်စွာ ပြောဆိုဆက်ဆံနိုင်သောဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၅) **ဝစနက္ခမဂုဏ်ဆိုသည်မှာ “ဝစနက္ခမောတိ ဝစနံ ခမတိ၊ ဒိန္နံ သြဝါဒံ ကရောတိ”** ဟူသော အဋ္ဌကထာအဖွင့်အရ ပညာရှိသူများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမ သြဝါဒကို လိုက်နာ ပြုကျင့်နိုင်သည့်ဂုဏ် ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ အခြား သြဇာတိက္ကမရှိသော ပညာရှိ ဆရာတော်ကြီးများ၏ ပြောဆိုဆုံးမမှုကို ခံယူနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမသြဝါဒကို လိုက်နာကျင့်ဆောင်နိုင်သည့်ဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။ ထို့အပြင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့က ပြဋ္ဌာန်းထားသော စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဆက်ဆက်က ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ ညွှန်ကြားလွှာများကိုလည်း မိမိတို့ကိုယ်တိုင်က လေးလေးစားစား တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။

(၆) **ဂမ္ဘီရကထာကတ္တာဂုဏ်ဆိုသည်မှာ “ဂမ္ဘီရန္တိ ဂုယှံ ရဟဿံ ဈာန နိဿိတံ ဝိပဿနာ မဂ္ဂဖလနိဗ္ဗာနနိဿိတံ”** ဟူသော အဋ္ဌကထာ အဖွင့်အရ သိမ်မွေ့နက်နဲသော ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် စပ်သောစကားကို ပြောဆိုသမှုပြုလုပ်တတ်သောဂုဏ် ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃနာယကအဖွဲ့များ၏ လုပ်ငန်းအရ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုတို့ကိုလည်း အလျော်အားဖြင့် သွင်းယူသင့်ပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များ၏ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှု ဟူသမျှတို့သည် မဟာနာယကအဖွဲ့၏ ဂုဏ်ရည်နှင့် ညီမျှအောင် လေးနက်မှု၊ လျော်ကန်သင့်မြတ်မှုရှိစေရန် သတိပြုသင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

(၇) **အဋ္ဌာန အနိယောဇနဂုဏ် ဆိုသည်မှာ** စေခိုင်းတိုက်တွန်းသင့်သော အရာဌာန မဟုတ်သည့် အကျိုးမဲ့လုပ်ရပ်များ၌ “မစေခိုင်း၊ မတိုက်တွန်းသည့်ဂုဏ်” ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း၊ ရဟန်းရှင်လူတို့ကို သင့်လျော်ရာဌာနမဟုတ်သည့် အကျိုးမဲ့ကိစ္စများ၌ မစေခိုင်း မတိုက်တွန်းမိစေရန် လျှောက်ထားလိုပါသည် ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား-**

ဤဂုဏ်အင်္ဂါအရည်အချင်း (၇)ရပ်တို့သည် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ အမြဲလက်ကိုင်ပြုကာ လိုက်နာကျင့်သုံးရမည့် မြတ်စွာဘုရားရှင်၏ နည်းပေးလမ်းညွှန်ချက်များဖြစ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ ဘုရားရှင်နှင့် ရှေးရှေးကျေးဇူးတော်ရှင် ဆရာထေရ်ရှင်တို့၏ ကျေးဇူးဂုဏ်များကို တတ်နိုင်သမျှ ကျေပွန်အောင်ဆပ်နိုင်ဖို့ဆိုလျှင် သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး အဓွန့်ရှည်အောင် ထမ်းဆောင်နေကြရန်သာ ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ရာ ဘုရားတပည့်တော် လျှောက်ထားခဲ့သော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါ အရည်အချင်း(၇)ရပ်တို့နှင့်ပြည့်စုံအောင် ကိုယ်တိုင်လည်း ကြိုးစားအားထုတ်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများကိုလည်း ပြည့်စုံစေရေး တိုက်တွန်းဆုံးမနိုင်ကြရန် လိုအပ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ ( MSME Day 2025) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသဆိုင်ရာ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက MSME များသည် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးဖြစ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ အောင်မြင်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME များဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုတွင် ၆၀ မှ ၇၀ ရာခိုင်နှုန်းထိရှိကြောင်း၊ ယနေ့ခေတ်ကာလတွင် MSME များအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေး ပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေအသုံးပြုရန်လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်စနစ်သည် လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှု ပိုမိုကောင်းမွန်လာခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ပေးခြင်း အစရှိသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်ကြောင်း။

ထို့အတူ ဘဏ္ဍာရေးအထောက်အပံ့၊ ဈေးကွက်ရှာဖွေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစပြုလုပ်ငန်းများ ပေါ်ထွန်းလာရေးတို့သည် MSME များ ရေရှည်တည်တံ့စွာဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် ကဏ္ဍများပင်ဖြစ်ကြောင်း၊ MSME များသည် ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးလိုအပ်ချက်အမြဲရှိနေခြင်းကြောင့် ချေးငွေများ၊ အာမခံများ၊ အသေးစားချေးငွေစနစ်များနှင့် အခြားသောဘဏ္ဍာရေး ဝန်ဆောင်မှုများကို လွယ်ကူချောမွေ့စွာရရှိနိုင်ရေး ပံ့ပိုးကူညီပေးနိုင်ရန် အရေးကြီးကြောင်း၊ ဘဏ္ဍာရေးအထောက်အပံ့ကောင်းမွန်မှသာ လုပ်ငန်းများတိုးချဲ့နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုကိုအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလ၏ ပြိုင်ဆိုင်မှုပြင်းထန်သည့် ဈေးကွက်တွင် MSME များ အောင်မြင်နိုင်ရန်အတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေရေး နည်းဗျူဟာများလည်း လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေး၊ လူမှုမီဒီယာဈေးကွက်ရှာဖွေရေး၊ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းနှင့် ကွန်ရက်တည်ဆောက်ခြင်းစသည်တို့သည်လည်း MSMEများအတွက် အရေးကြီးသည့်ဈေးကွက်ရှာဖွေရေး နည်းလမ်းများဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ယခုလေးနှစ်တာကာလအတွင်း MSME များ တိုးတက်အောင်မြင်စေရေး အထူးအားပေးဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းတစ်ခုချင်းစီအလိုက် တိုးတက်အောင်မြင်စေရေး ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ယနေ့ အထိမ်းအမှတ်အခမ်းအနားမှတစ်ဆင့် MSME များ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုမြှင့်တင်ပေးပြီး အစိုးရ၊ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် MSME လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ် တိုးတက်စေပြီး သာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ Video Clip ပြသပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်)မှ MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဥက္ကဋ္ဌ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌတို့က လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၅ (၅၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅ (၅၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးများကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ လာအိုနိုင်ငံ လွှန်ပရာဘမ်မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးသို့မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အလုပ်အမှုဆောင် ဒါရိုက်တာ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရပုဂ္ဂလိက ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ တက်ရောက်ခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဇွန် ၂၄ ရက်တွင် (၅၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေးကို လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Phonemaly Inthaphome က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဆိုပါအစည်းအဝေးတွင် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၄ နှင့် ဆက်စပ်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ခရီးသွားမြှင့်တင်ရေးအတွက် ဝက်ဘ်ဆိုက်၊ လူမှုရေးမီဒီယာနှင့် သတင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများကိုယ်စား မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းမဟာဗျူဟာ ၂၀၃၀ အား အောင်မြင်စွာရေးဆွဲ ပြီးစီးမှုအခြေအနေများနှင့် ၂၀၂၆ ခုနှစ်တွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပမည့်အခြေအနေများကို အတည်ပြုဆွေးနွေးညှိနှိုင်းကြသည်။




ဆက်လက်၍ ဇွန် ၂၅ ရက်တွင် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးကို ကျင်းပရာ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းရုံးတည်ထောင်ရေးသဘောတူစာချုပ်အပေါ် အဖွဲ့ဝင်နိုင်ငံများမှ လက်မှတ်ရေးထိုးပြီးစီးမှုနှင့် လက်မှတ်ရေးထိုးရေးအတွက် ပြည်တွင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများ၊ စာချုပ်လက်မှတ်ရေးထိုးပြီးပါက စာချုပ်အသက်ဝင်ရေးနှင့် ရုံးတည်ထောင်ရေးအတွက် ထိုင်းနိုင်ငံနှင့် အိမ်ရှင်နိုင်ငံစာချုပ် ချုပ်ဆိုရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် အဆိုပါရုံးအား အစိုးရများနှင့်ဆိုင်သော ရုံးအဖြစ် တည်ထောင်ပြီးစီးရန် လျာထားမှုအခြေအနေများနှင့် မဲခေါင်ခရီးသွားလုပ်ငန်းမဟာဗျူဟာ ၂၀၃၀ အား ဒေသတွင်းခရီးသွားလုပ်ငန်းနှင့်ဆက်စပ်အဖွဲ့အစည်းများအားလုံး သိရှိနိုင်ရေးအတွက် အတည်ပြုထုတ်ပြန်မည့်အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ ဇွန် ၂၆ ရက်တွင် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅ ကို “United Journey : Stronger Together” ခေါင်းစဉ်ဖြင့် ကျင်းပရာ လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ms. Darany Phommavongsa နှင့် လွှန်ပရာဘမ်ဒုတိယမြို့တော်ဝန်တို့က အဖွင့်အမှာစကားပြောကြားပြီး ဖိုရမ်တွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ နိုင်ငံတကာနှင့် ဒေသတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များမှ မဲခေါင်ဒေသတွင်းခရီးသွားလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး မဲခေါင်ဒေသအတွင်း အစားအသောက်အခြေခံ ခရီးသွားလုပ်ငန်းများ၊ စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများနှင့် ယဉ်ကျေးမှုအမွေအနှစ် အခြေခံခရီးသွားလုပ်ငန်းများဖြင့် မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။ အဆိုပါဖိုရမ်နှင့် အစည်းအဝေးများကာလအတွင်း မြန်မာနိုင်ငံမှ ခရီးစဉ်ဒေသများနှင့် မြန်မာ့ရိုးရာအစားအသောက်နှင့်လက်မှုပစ္စည်းများကိုခင်းကျင်းပြသခဲ့သည်။

ညနေပိုင်းတွင် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ အလံလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က လွှဲပြောင်းလက်ခံရယူခဲ့ပြီး မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ နှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှအလှည့်ကျ အိမ်ရှင်နှင့်ဥက္ကဋ္ဌအဖြစ် ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှအေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဆက်လက် ကျင်းပ



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှအေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 တွင် နိဂုံးချုပ်စကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၇**

"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်ခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

**တက်ရောက်**

ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြပြီး အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။

နံနက်ပိုင်းဆွေးနွေးမှုတွင် အဖွဲ့(၁)၌ သဘာပတိအဖြစ် ဒေါက်တာ သက်သက်ခိုင်က ဆောင်ရွက်ပြီး **"လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များနှင့် လူမှုစီးပွားဘဝ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာများကို ဖော်ထုတ်ခြင်း"**၊ အဖွဲ့(၂)၌ သဘာပတိအဖြစ် ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က ဆောင်ရွက်ပြီး **"မြန်မာနိုင်ငံ၏ အနာဂတ်သည် ပထဝီနိုင်ငံရေးဆိုင်ရာ ရှုထောင့်အမျိုးမျိုးနှင့် ဆက်နွှယ်သက်ရောက်မှုရှိပုံကို လေ့လာဆန်းစစ်ပြီး အသွင်ကူးပြောင်းရေးတွင် ကျင့်သုံးသင့်သောနည်းဗျူဟာများကို ဖော်ထုတ်ခြင်း"** ခေါင်းစဉ်တို့ကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်**

မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းရေးဖိုရမ်ပိတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ပ ပညာရှင်များ၊ အဖွဲ့(၁)၊ အဖွဲ့(၂) တို့၏ ဆွေးနွေးချက်အကြောင်းအရာများအပေါ် သဘာပတိများက ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌက သဘာပတိများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲမှ ရရှိသောအကြံပြုချက်များ စုစည်းချက်အပေါ် သုံးသပ်တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ငြိမ်းချမ်းရေးဖိုရမ်ဆွေးနွေးပွဲ အဖွဲ့(၁)ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (မွန်ပြည်နယ်)မှ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမိယဉ်ချမ်းနှင့် အဖွဲ့(၂)ကိုယ်စား လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ ဗဟိုကော်မတီဝင် ဒေါ်ခင်စောနွဲ့တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သဘာပတိများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်စကားပြောကြားရာ ငြိမ်းချမ်းရေးဖိုရမ်တွင် ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍ ၃ ရပ်ကို ဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးရရှိသည့် အကြံပြုချက်များကို စနစ်တကျ မှတ်တမ်းတင်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တင်ပြ၍ လက်တွေ့ ပြန်လည်အသုံးချနိုင်ရေး ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားအခွင့်အရေးများ ရရှိစေရေး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ကျင်းပပြုလုပ်မည့် ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်သင့် ပါဝင်ထိုက်သော နိုင်ငံတကာမှ ပညာရှင်များအား ဖိတ်ခေါ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်းအခမ်းအနား ကျင်းပ



**မော်လမြိုင် ဇွန် ၂၇**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မော်လမြိုင်နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်တို့က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံနည်းစနစ်များ၊ မဲပေးစက်အသုံးပြုခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မော်လမြိုင်နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက MEVM မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၇

တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီတို့က ကြီးမှူးကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် လူငယ်စင်တာ၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတမှ အနုပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ အထောက်အကူပြု လုပ်ငန်းကော်မတီနှင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးရေး ကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လူငယ့်အားမာန် စာကြည့်တိုက်တွင် လူငယ်များ စာပေဖတ်ရှုနေမှု၊ ပန်းချီရေးဆွဲခန်း၌ အနုပညာပန်းချီများ ရေးဆွဲနေမှု၊ ကာယလေ့ကျင့်ခန်းအတွင်း ကာယလေ့ကျင့်နေမှုနှင့် ကွန်ပျူတာခန်းအတွင်း လေ့ကျင့်သင်ကြားနေမှု တို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပညာရေးကော်မတီနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လူငယ်မောင်မယ်များက“လူငယ်ဆိုတာ”နှင့် “လူငယ်စွမ်းရည်” တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး “မြေလျှင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်မွန်မြတ်သည့် ဂုဏ်ဒြပ်နှင့် အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့်” Video Clip တို့ကို ပြသသည်။

ယင်းနောက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်များသည် နိုင်ငံ၊ မိဘနှင့် လူမှုအသိုက်အဝန်းကို ချစ်ခင်မြတ်နိုးရန်လိုအပ်ပြီး ကြားစကားများကို သတိထားရမည်ဖြစ်ကာ စာပေကို ဖတ်ရှုမှတ်သား၍ မိမိဘဝတိုးတက်ရန်နှင့် ဝေဖန်ပိုင်းခြားနိုင်ရန် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဆူရီကုမ္ပဏီလီမိတက်က လူငယ်စင်တာအတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူငယ်စင်တာအတွက် လူထုသိပ္ပံကျမ်းနှင့် မှန်နန်းရာဇဝင်စာအုပ်တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လူငယ်များအတွက် MRTV DTH စလောင်း ၂၀ ကို မဲဖောက်လှူဒါန်းပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှု ကော်မတီမှ လူငယ်မောင်မယ်များက“ပန်းတိုင်းပွင့်ပါစေ”သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေနှင့် ပန်းခြင်းအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတ ဖျော်ဖြေပွဲသို့ တက်ရောက်အားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တေးဂီတဖျော်ဖြေပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် မြို့နယ်ဂီတအစည်းအရုံးများမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဂီတလောကမှ အနုပညာရှင်ကြီးများအပါအဝင် ဂီတအနုပညာရှင်များ၊ ဖိတ်ကြားထားသည့် စာပေ၊ ရုပ်ရှင်နှင့် သဘင်အနုပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာမှ လူငယ် ၅၀ နှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

တေးဂီတဖျော်ဖြေပွဲ မစတင်မီ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်မွန်အဖြစ် ကျောက်စီပန်းချီကားကို မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်ထံ ပေးအပ်သည်။

ထို့နောက် တေးဂီတဖျော်ဖြေပွဲကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် နွဲ့ယဉ်ဝင်း၊ ဂျက်မြသောင်း၊ L ဆိုင်းဇီ၊ ရဲထိုက်၊ မေလသံစဉ်၊ သဟာအောင်၊ မင်းစည်သူ၊ JB၊ နီနီ၊ မိုးသူနှင့် နှင်းနှင်းအောင်တို့က စုစုပေါင်းတေးသီချင်း ၁၄ ပုဒ်ဖြင့် သီဆိုဖျော်ဖြေကြသည်။

**နှစ်စဉ် ဇွန်လ ၂၇ ရက်နေ့ကို မြန်မာနိုင်ငံ ဂီတနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့**

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသားပြည်သူများ၏ တိုင်းချစ်ပြည်ချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်တို့ကို မြှင့်တင်ပေးခဲ့ကြသော သမိုင်းပေးတာဝန် ကျေပွန်ခဲ့ကြသည့် ဂီတ ပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဇွန်လ ၂၇ ရက်နေ့ကို မြန်မာနိုင်ငံ ဂီတနေ့ အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် ဂုဏ်ပြု တေးဂီတဖျော်ဖြေပွဲကို မြန်မာ နိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ MRTV–HD channel နှင့် MRTV Entertainment channel တို့မှ Friday Night Live Show အဖြစ် တိုက်ရိုက် (Live)ရိုက်ကူးထုတ်လွှင့်ပြသခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဝန်ထမ်းများစုပေါင်းသစ်ပင်စိုက်ပျိုးနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား သင်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် သင်တန်းကျောင်းမှ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းဝင်း သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး၍ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ကံ့ကော်ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသည့် ဝန်ထမ်းများက သတ်မှတ်နေရာ အသီးသီးတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ သစ်ဆိမ့် စသည့် အရိပ်ရနှစ်ရှည်ပင်နှင့် ပန်းအလှပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ရာသီဥတု မျှတကောင်းမွန်စေရေးနှင့် ရေဝေရေလဲစနစ် မှန်ကန်စေရေး၊ ရေနှင့် မြေဆီလွှာ ခန်းခြောက်မှုကို ထိန်းသိမ်းနိုင်ရေး၊ သင်တန်းကျောင်း အဆောက်အအုံများ လေပြင်းဒဏ်ကာကွယ်နိုင်ရေးနှင့် သင်တန်းကျောင်းပတ်ဝန်းကျင် အရိပ်အာဝါသရရှိကာ စိမ်းလန်းစိုပြည်သာယာလှပစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား သင်တန်းကျောင်း ပရိဝုဏ်အတွင်း ကံ့ကော်၊ ခရေ၊ ပိတောက်၊ မဟော်ဂနီ၊ သပြေ၊ သစ်ဆိမ့်၊ စိန်ပန်း စသည့် နှစ်ရှည်ပင် စုစုပေါင်း အရိပ်ရသစ်ပင်ပျိုးပင် ၃၁၅ ပင်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ခံခဲ့ရသည့် ဌာနမှဝန်ထမ်းများအတွက် သင်တန်းကျောင်းဝင်းအတွင်း Container House များ ရောက်ရှိ တပ်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ ရေ၊ မီး၊ မိလ္လာရရှိရေးနှင့် စနစ်တကျ အသုံးပြုဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများ အမြန်နေရာချထားနိုင်ရန် စီစဉ်ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

☆ **ကျောဖုံးမှ**

ဖလာမန်းဂိုးအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်း၊ အင်တာမီလန်အသင်းနဲ့ ဖလူမီနန့်အသင်း၊ မန်စီးတီးအသင်းနဲ့ အယ်လ်ဟီလယ်အသင်း၊ ဒေါ့မွန်အသင်းနဲ့ မွန်တာရေးအသင်းတို့ တွေ့ဆုံနေတာ ဖြစ်ပါတယ်။

ဖီဖာကလပ်ကမ္ဘာ့ဖလားကို ငါးကြိမ်အထိ စံချိန်တင်ရရှိထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းကတော့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွား

နေပြည်တော် ဇွန် ၂၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီး ဖြစ်သည်။

**မိုး/ဇလ**

# မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား အထွက်တိုး မျိုး၊ သွင်းအားစုနှင့် မျိုးစေ့ချကိရိယာ ပေးအပ်

နေပြည်တော် ဇွန် ၂၇

သမဝါယမအသင်းပိုင်ငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းရှိ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့မှ မိုးစပါးစိုက်သမဝါယမ အသင်းသားတောင်သူများသို့ အထွက်တိုး မျိုး၊ သွင်းအားစုနှင့် မျိုးစေ့ချကိရိယာ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ် ကထိန်ရာပြည့် သာသနာ့ ဗိမာန်တော်၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများ အချိန်မီ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများဈေးကွက်ရရှိရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် အထွက်တိုးမျိုး၊ သွင်းအားစုနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက်ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ သူဌေးကုန်း- ကျောင်းကုန်း-အုန်းပင်ခြံ-လက်ပံတော-သရက်ပင်လမ်း ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သောနေရာအား ကွန်ကရစ်ရေပြွန်တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မင်းလှသာစည်ကျေးရွာရှိ လူဦးရေ ၄၆၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် ရန်ကုန်- မန္တလေးကားလမ်းမကြီးမှ မင်းလှသာစည်ကျေးရွာသို့ ဆက်သွယ်သော လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာရှိ တောင်သူ ၁၂ ဦး၏ စိုက်ပျိုးမြေ ဧက ၃၀ အကျိုးပြုပေးလျက်ရှိသည့် မင်းလှသာစည်ကျေးရွာ ဆိုလာစိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း အခြေခံစက်ချုပ် နည်းပညာသင်တန်းနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းသင်တန်းသူများ၏ စက်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာသို့ သွားရောက်ပြီး အသင်းသားတောင်သူများ၏ မိုးကြို့ဝါစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့် ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်နိုင်သည့် ဒေသများတွင် ပျိုးအရန်နှင့် မျိုးအရန် ကြိုတင်ထားရှိရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာအား ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်ရှည်သီးနှံရော်ဘာ စိုက်ပျိုးသည့်နေရာများတွင် ရိဘက်စတာကော်ဖီ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန်ဖြစ်ကြောင်း၊ ယာမြေများအား မိုးကောင်းသောက် လယ်မြေများဖြစ်အောင် ဆောင်ရွက်ပေးရမည့် အချက်များ တင်ပြပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက် ဧက ၂၆ သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်၍ စိုက်မျိုးဧကအလိုက် ပျက်စီးဆုံးရှုံးမှုနှင့် အထွက်နှုန်း ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့မှ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမှုနှင့် မိုးရာသီတွင် စိုက်ပျိုးသွားမည့်သီးနှံများအလိုက် လက်ရှိစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များအား Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံစိုက်ဧကများ လျော့နည်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်အလက်များကို လည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်များက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းအကြံပြုတင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ အသေးစိတ်ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့်နည်းပညာဆိုင်ရာပြပွဲကာလအတွင်း နည်းပညာသိကောင်းစရာများ ဆွေးနွေးဟောပြောပို့ချမည်

ရန်ကုန် ဇွန် ၂၇

စိုက်ပျိုးသုံးပစ္စည်းများ၊စားသောက်ကုန်နှင့် လယ်ယာသုံးပစ္စည်းများ၊ ဆိုလာနှင့်လျှပ်စစ်ပစ္စည်းများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်မည့် စိုက်ပျိုးရေးနှင့်နည်းပညာဆိုင်ရာပြပွဲ ၂၀၂၅ ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ဖွင့်လှစ်ကျင်းပသည်။

ယင်းပြပွဲတွင် စိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုသည့် ဘက်စုံသုံးလယ်ထွန်စက်များ၊ ဆန်စက်နှင့် ဆန်စက်အပိုပစ္စည်းများ၊ သီးနှံအခြောက်ခံစက်များ၊ ဓာတ်မြေဩဇာနှင့်စိုက်ပျိုးရေးသုံးပစ္စည်းများ၊ထရန်စဖော်မာ၊ ဆိုလာ၊ အင်ဗာတာနှင့်လျှပ်စစ်ပစ္စည်းများ၊ ဟိုတယ်သုံးပစ္စည်းများဖြစ်သည့် ပန်းကန်၊ ခွက်များသာမက ဟိုတယ်သုံး ရေခဲသေတ္တာနှင့် ပြည်တွင်းထုတ် ဝိုင်များကိုပါ ပြသထားသည်။

ထို့ပြင် စိုက်ပျိုးထုတ်လုပ်သူများအတွက် မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်စိုက်ပျိုးထုတ်လုပ်သူများအသင်းကြီး၏ ဦးဆောင်စီစဉ်မှုဖြင့် ဆွေးနွေးဟောပြောပွဲများကို ကျင်းပသည်။

ပြပွဲဒုတိယနေ့ဖြစ်သည့်ဇွန် ၂၈ ရက်တွင် ကမ္ဘာကသတိပြုမိလာသော မြန်မာ့အထူးတန်းကော်ဖီ၊ တောင်သူအားလုံးအတွက် ဘေးကင်းလုံခြုံသည့် ဥယျာဉ်ခြံသီးနှံစီမံထုတ်လုပ်နည်း၊ စွမ်းအားမြင့် အော်ဂဲနစ်မြေဩဇာများကို သိပ္ပံနည်းကျထုတ်လုပ်ခြင်း၊ အာမခံချက်ရှိသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်း၊ တောင်သူအားလုံးပါဝင်သော သီးနှံတန်ဖိုးမြှင့်ကွင်းဆက်စီမံချိတ်ဆက်ခြင်းနည်းပညာ သိကောင်းစရာများကို ပညာရှင်များက ပြပွဲခန်းမ၌ ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် ဇွန် ၂၉ ရက်တွင် မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်သစ်အလားအလာသိကောင်းစရာများကို ဟောပြောမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲပြသသည့်ရက်အတွင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်သည်။

**မျိုးမင်းသူရ**

# မင်းတုန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းကွင်းသရုပ်ပြ

မင်းတုန်း ဇွန် ၂၇

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ယနေ့နံနက် ၈ နာရီတွင် တံတားကျေးရွာအုပ်စု တောင်သူဦးသန်းနိုင်၏ ကွင်းအမှတ်(၃၂၈)၊ ဦးပိုင်အမှတ်(၁၉၉/၂) လယ်မြေ ၁ ဒသမ ၄၇ ကေ၌ ရက်(၉၀) စပါးမျိုးကို မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲနှင့် တောင်သူ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များ၊ တံတားကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းဖြင့် ကြဲခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှုစောစီးစွာရရှိစေခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ပိုမိုခံနိုင်ရည်ရှိခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်းပိုမိုကြာမြင့်စေခြင်း၊ ရေကိုပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်းသိသာစွာ ကွဲပြားခြားနားမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒီဖိုရမ်မှာ ပညာရှင်တွေက အကြံပြုချက်တွေကို လွတ်လွတ်လပ်လပ်ပေးကြပါတယ်။ ပညာရှင်တွေရဲ့ အမြင်က ပညာရပ်ဆိုင်ရာ ဖြစ်တဲ့အတွက် အမှားမရှိဘူးလို့ ပြောလို့ရတယ်။ တစ်ကမ္ဘာလုံးက ပညာရပ်တွေနဲ့ ပညာရှင်တွေရဲ့ လုပ်ပုံလုပ်နည်းတွေ၊ အတွေးအခေါ်တွေ ဒါတွေကို ကိုယ့်နိုင်ငံအတွက် ပြန်ပြီးမျှဝေပေးကြတာပါ။ ကျွန်တော်တို့ လုပ်လို့ရတယ်၊ မရဘူးဆိုတာကတော့ အခြေအနေအပေါ် မူတည်ပါတယ်

ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)

ငြိမ်းချမ်းရေးဖိုရမ် Peace Forum 2025 ငြိမ်းချမ်းရေးရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့ သုံးသပ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇွန် ၂၅ ရက်မှ စတင်၍ သုံးရက်တာကျင်းပခဲ့သည်။

ထိုကဲ့သို့ ဆွေးနွေးပွဲ သုံးရက်တာကာလအတွင်း ဆွေးနွေးခဲ့သည်များနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူအချို့၏စကားသံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)



ဒေါက်တာဝါဝါမောင်



မန်းအောင်ပြည်စိုး



စောမြရာဇာလင်း



ဒေါက်တာနိုင်ဆွေဦး



ဦးကိုကိုကြီး

**ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

ဒီဖိုရမ်မှာ ပညာရှင်တွေက အကြံပြုချက်တွေကို လွတ်လွတ်လပ်လပ်ပေးကြပါတယ်။ ပညာရှင်တွေရဲ့ အမြင်က ပညာရပ်ဆိုင်ရာ ဖြစ်တဲ့အတွက် အမှားမရှိဘူးလို့ ပြောလို့ရတယ်။ တစ်ကမ္ဘာလုံးက ပညာရပ်တွေနဲ့ ပညာရှင်တွေရဲ့ လုပ်ပုံလုပ်နည်းတွေ၊ အတွေးအခေါ်တွေ ဒါတွေကို ကိုယ့်နိုင်ငံအတွက် ပြန်ပြီးမျှဝေပေးကြတာပါ။ ကျွန်တော်တို့လုပ်လို့ရတယ်၊ မရဘူးဆိုတာကတော့ အခြေအနေအပေါ် မူတည်ပါတယ်။ နိုင်ငံတကာနဲ့ ကျွန်တော်တို့ နိုင်ငံရဲ့အခြေအနေက မတူညီတာမျိုးလည်းရှိနိုင်တယ်။ သို့သော်လည်း တူတာတွေကို အတုယူပြီး ဖွံ့ဖြိုးအောင် တိုးတက်အောင် လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက် အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ ဒီဖိုရမ်ရဲ့ရည်ရွယ်ချက်ကလည်း အဲဒါပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက လွတ်လပ်ရေးရပြီးကတည်းက ပဋိပက္ခတွေ ရှိနေခဲ့တယ်။ အဲဒီကနေ ကျော်လွှန်နိုင်အောင်၊ ဖောက်ထွက်နိုင်အောင် ပညာရှင်တွေရဲ့အားတွေ လိုတယ်။ ဆွေးနွေးမှုတွေကို နားထောင်ကြည့်တဲ့အခါ ဆွေးနွေးကြတဲ့သူတွေက စိတ်ရင်းစေတနာနဲ့ ပြောဆိုဆွေးနွေးကြတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ဆွေးနွေးချက်တွေက ကိုယ်ကျိုးအတွက်ပြောတာ မဟုတ်ဘူး၊ နိုင်ငံအတွက်ပြောတယ်ဆိုတာ ပေါ်လွင်သိရှိနိုင်ပါတယ်။ ကျွန်တော်တို့ လိုချင်တာလည်း အဲဒါပဲဖြစ်ပါတယ်။ အဲဒီအချက်တွေအထဲကမှ လုပ်ဆောင်သွားနိုင်မယ့်အရာတွေ၊ ကိုယ့်နိုင်ငံနဲ့ သင့်တော်မယ့်အရာတွေကို နိုင်ငံ့အကြီးအကဲတွေဆီ တင်ပြရမှာဖြစ်ပါတယ်။ နိုင်ငံ့အကြီးအကဲတွေက နိုင်ငံတော်အတွက်၊ နိုင်ငံကောင်းကျိုးအတွက် လုပ်ချင်ကြတာပါ။ အခက်အခဲအကျပ်အတည်းတွေ ရှိနေလို့ ဒီအခြေအနေကနေ ဖောက်ထွက်နိုင်မယ့် နည်းလမ်း၊ အဆင်ပြေမယ့်နည်းလမ်းတွေကို လက်ခံကျင့်သုံးရပါမယ်။ အဓိကကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဒီဖိုရမ်တွေလုပ်တာဖြစ်ပါတယ်။

**ဒေါက်တာဝါဝါမောင်**
**ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

ဒီငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကတော့ အမြဲတမ်းထိတွေ့ ဆောင်ရွက်နေဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေကြားထဲမှာ ယုံကြည်မှုရင်းနှီးမှုတည်ဆောက်တာပါ၊ နားလည်မှုရယူနိုင်ဖို့ဆိုတာ ဒီလိုပလက်ဖောင်းတွေက လိုအပ်ပါတယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ကျွန်မတို့အားလုံးက ကြိုဆိုရမယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆောင်ရွက်တာက ကဏ္ဍသုံးခုပါ၊ ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနဲ့ ဖွံ့ဖြိုးမှုပါ။ ဒီသုံးခုစလုံး အောင်အောင်မြင်မြင်ဖြစ်ဖို့ အားလုံးပါဝင်ကြရမယ်။ ဆောင်ရွက်တဲ့နေရာမှာ ဘုံသဘောတူညီချက်ဆိုတာ ရှိဖို့လိုတယ်။ ဘုံသဘောတူညီချက်ကို ဘယ်အပေါ် အခြေခံမလဲဆိုရင် ဒို့တာဝန်အရေးသုံးပါးနဲ့ သွေဖည်သွားလို့မရဘူး။ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးတဲ့အခါ ထားရှိရမယ့် စည်းမျဉ်းစည်းကမ်းတွေကတော့ အပြန်အလှန်လေးစားမှု၊ တစ်ဦးရဲ့အခက်အခဲကို တစ်ဦးက နားလည်လက်ခံနားထောင်ပေးနိုင်ဖို့၊ အားလုံးဟာ အလွှာစုံကို ကိုယ်စားပြုလာတဲ့သဘောထားအမြင်တွေ ဖြစ်တဲ့အတွက် ခွဲခြားဆက်ဆံတာမရှိဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ထူးခြားတဲ့ရလဒ်တွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာလည်း အားလုံးကိုယ်စားပြုပါဝင်မှုများတယ်။ အားလုံးပါဝင်ကြပြီး ပါဝင်ဆွေးနွေးမှုတွေကို နားထောင်တဲ့အခါမှာလည်း နိုင်ငံအတွက် စိတ်စေတနာထက်သန်မှု ရှိကြတယ်။ ငြိမ်းချမ်းစေချင်ကြတယ်၊ တိုးတက်စေချင်ကြတယ်။ တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံးနဲ့နေထိုင်ချင်တဲ့ စိတ်ဓာတ်ကိုအခြေခံပြီး ဆွေးနွေးနေတဲ့အတွက် ရေရှည်ငြိမ်းချမ်းရေး ဖြစ်ပေါ်မယ်လို့ ယုံကြည်ပါတယ်။

**မန်းအောင်ပြည်စိုး**
**ဥက္ကဋ္ဌ၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**

ငြိမ်းချမ်းရေးဖိုရမ်ဖြစ်လို့ အားလုံးအတွက် ကောင်းပါတယ်။ ရွေးကောက်ပွဲအေးအေးချမ်းချမ်း၊ ပြေပြေလည်လည်၊ တည်တည်ငြိမ်ငြိမ်ဖြစ်ဖို့ ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲက အရေးကြီးပါတယ်။ ဆွေးနွေးပွဲမှာ ကျွန်တော်တို့ပြည်နယ်ရဲ့ အနေအထား၊ အခက်အခဲ၊ ပါတီကိစ္စ စတာတွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တွေ့ကြုံလာနိုင်တာတွေကို ဘယ်လိုဖြေရှင်းရင်ကောင်းမလဲဆိုတဲ့ အကြံပြုချက်တွေကို ကျွန်တော့်အနေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးပွဲကျင်းပတာကို အားရကျေနပ်မှုရှိပါတယ်။ ဒီလိုမျိုး မကြာမကြာလုပ်ဖို့လိုအပ်တယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ အကြံပြုခဲ့တာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တွေ့ကြုံနေရတာတွေကို စေ့စပ်ညှိနှိုင်းနိုင်ဖို့အတွက် ဒီလိုဆွေးနွေးပွဲတွေ မကြာခဏလုပ်ဆောင်နေမှသာ ကောင်းမွန်တဲ့ရလဒ်တွေ ထွက်လာမယ်လို့ ခံယူထားပါတယ်။

**စောမြရာဇာလင်း**
**ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)**

ကျွန်မတို့ ဆွေးနွေးပွဲမှာ အဓိကဆွေးနွေးတာက ရွေးကောက်ပွဲကို အကောင်းဆုံးကျင်းပနိုင်ရေး၊ လွှတ်တော်ကောင်းမွန်စွာဖွဲ့စည်းနိုင်ရေးနဲ့ ဖွဲ့စည်းပြီးတဲ့နောက် အဆင့်ဆင့်ထိန်းသိမ်းရမယ့်တာဝန်တွေကို ထည့်သွင်းဆွေးနွေးခဲ့ကြပါတယ်။ ပြီးတော့ စီးပွားရေးနဲ့ လူမှုဘဝဖွံ့ဖြိုးရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာတွေကိုလည်း ဆွေးနွေးကြပါတယ်။ ဒီဆွေးနွေးပွဲကနေ အကျိုးကျေးဇူးတွေအများကြီးရမယ်လို့ ထင်ပါတယ်။ အရင်က ဆွေးနွေးရင် နိုင်ငံရေးကိစ္စသက်သက်ကိုပဲ ဆွေးနွေးကြတာများတယ်။ အခုက နိုင်ငံရေးအပြင် လူမှုရေးနဲ့ စီးပွားရေး စတဲ့ဘက်စုံဆွေးနွေးမှုတွေကို ဒီ ဆွေးနွေးပွဲသုံးရက်အတွင်း ဆွေးနွေးကြတာဖြစ်တဲ့အတွက် နိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် အင်မတန်အကျိုးကျေးဇူးရှိပါတယ်။ ပါနိုင်သလောက် ပါဝင်သင့်တဲ့သူတွေ ပါဝင်ပြီး ရှေ့ကိုသွားနိုင်တဲ့ အရွေ့တစ်ခုအတွက် တတ်နိုင်သလောက်ကြိုးပမ်းကြတာဖြစ်ပါတယ်။ ရှေ့ဆက်ပြီး အားလုံးပါဝင်နိုင်ဖို့အတွက် အခုကစဆွေးနွေးနေကြရမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ပဋိပက္ခတွေ ကျော်လွှန်နိုင်ဖို့၊ ပဋိပက္ခလွန်ကာလမှာ အရှိန်အဟုန်နဲ့အလုပ်လုပ်နိုင်ဖို့ ကြိုတင်စဉ်းစားပြီးတော့ ပြင်ဆင်နေကြတာဖြစ်ပါတယ်။

**ဒေါက်တာနိုင်ဆွေဦး**
**အမှုဆောင်ဒါရိုက်တာ**
**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

ကျွန်တော့်အနေနဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေး အပြောင်းအလဲအပေါ် မူတည်ပြီးတော့ မြန်မာ့နိုင်ငံရေးနဲ့ မြန်မာနိုင်ငံမှာ ကျင့်သုံးသင့်တဲ့ နည်းဗျူဟာ၊ မြန်မာနိုင်ငံရဲ့အနာဂတ်ပြောင်းလဲမှုတွေနဲ့ ဆက်စပ်ပြီးတော့ ကျင့်သုံးသင့်တဲ့ နည်းဗျူဟာဖော်ထုတ်ခြင်းဆိုတဲ့ အခန်းကဏ္ဍမှာ ပါဝင်ဆွေးနွေးတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လက်ရှိဘာတွေ တွေ့ကြုံနေရတယ်၊ အနာဂတ်အတွက် ဘယ်လိုမဟာဗျူဟာမျိုးတွေ ချမှတ်သွားသင့်တယ်၊ အမျိုးသားလုံခြုံရေးအတွက် မဟာဗျူဟာတစ်ရပ် ဘယ်လိုချမှတ်သွားသင့်သလဲဆိုတာ အဓိကဆွေးနွေးခဲ့ပါတယ်။ သုံးရက်တာမှာ ကဏ္ဍစုံဆွေးနွေးခဲ့ကြတယ်။ ငြိမ်းချမ်းရေးလမ်းစဉ်ကို ဘယ်လိုရှေ့ဆက်သွားကြမလဲ၊ ပဋိပက္ခတွေ ချုပ်ငြိမ်းအောင် ဘယ်လိုကြိုးပမ်းညှိနှိုင်းကြမလဲဆိုတာတွေလည်း ဆွေးနွေးခဲ့ကြပါတယ်။ နောက်တစ်ချက်က ရွေးကောက်ပွဲအတွက် ဝိုင်းဝန်းဆွေးနွေးကြတာက အားရကျေနပ်စရာကောင်းပါတယ်။ လက်နက်ကိုင်နည်းလမ်းကို စွန့်ခွာပြီး စားပွဲဝိုင်းပေါ် ဆွေးနွေးကြမှ ထာဝရငြိမ်းချမ်းရေးအတွက် နီးကပ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီလို ငြိမ်းချမ်းရေးနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲတွေက ထာဝရငြိမ်းချမ်းရေးရရှိဖို့ အကောင်းဆုံးပြင်ဆင်မှုလို့ ယူဆပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ကျွန်တော်အနေနဲ့ နိုင်ငံတော်ရဲ့ပကတိအခြေအနေနဲ့ ရွေးကောက်ပွဲရဲ့ အရေးပါပုံကို အဓိကထားပြီး ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးတဲ့အခါ ဥပဒေနဲ့အညီ လွှတ်တော်တွေ အကောင်အထည်ဖော်ဖို့ပါ။ နိုင်ငံတော်ရဲ့ ပကတိအခြေအနေအပေါ် ပွင့်ပွင့်လင်းလင်းဆွေးနွေးဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေရဲ့မြေပြင်မှာ နေရာရွှေ့ပြောင်းနေမှုတွေ၊ ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေပမာဏ ခန့်မှန်းမှုတွေ၊ ရွှေ့ပြောင်းလုပ်သားအရေးကိစ္စတွေ အစရှိတာတွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲရဲ့ အရေးပါမှုကို သိရှိရမယ်။ ရွေးကောက်ပွဲဟာ အကူးအပြောင်းကာလအဆင့်တစ်ခုဖြစ်ဖို့အတွက် အရေးပါပါတယ်။ နောက်တစ်ခုက ရွေးကောက်ပွဲအလွန်ကာလအတွက်လည်း စဉ်းစားထားရမယ်။ ဒီရွေးကောက်ပွဲဟာ ယခင်ယခင် ရွေးကောက်ပွဲတွေနဲ့ မတူဘူး။ ရွေးကောက်ပွဲအလွန် သင့်တော်တဲ့အချိန်မှာ ဖွဲ့စည်းပုံပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ညီလာခံတစ်ခု ကျယ်ကျယ်ပြန့်ပြန့်ကျင်းပဖို့ အကြံပြုဆွေးနွေးခဲ့တာတွေ ရှိပါတယ်။ ဒီလို ဆွေးနွေးတဲ့ အဝန်းအဝိုင်းကို စတင်တည်ဆောက်ပြီး တဖြည်းဖြည်းနဲ့ တိုးချဲ့သွားခြင်းအားဖြင့် ပို၍ပို၍ပြည့်စုံတဲ့ ဆွေးနွေးပွဲတွေဖြစ်လာမှာဖြစ်ပါတယ်။ လက်တွေ့အရ အားလုံးပါဝင်ဖို့ တစ်နေရာတည်း တစ်ချိန်တည်း လူတွေအများကြီးစုစည်းဆွေးနွေးဖို့ဆိုတာ အခက်အခဲတွေ အများကြီးရှိပါတယ်။

ပြည်သူတွေအနေနဲ့ နိုင်ငံရေးကို ကြောက်နေတာတို့၊ မပတ်သက်တာတို့ စတာတွေ လုပ်နေလို့မရဘူး။ နိုင်ငံရေးက ကိုယ့်ကို စီမံသွားတာမျိုးခံရနိုင်တယ်။ နိုင်ငံရေးဆိုတာ မပတ်သက်ဘဲနေလို့မရဘူး။ အနည်းဆုံးတော့ သိနေရမယ်။ နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲဖို့အတွက် ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး တက်တက်ကြွကြွနဲ့ ဝင်ရောက်ဆောင်ရွက်ကြရမယ်။ အထူးသဖြင့် နိုင်ငံသားတွေ ဖြစ်တဲ့အတွက် အနည်းဆုံးတော့ မဲပေးပိုင်ခွင့်ကို ကျင့်သုံးဖို့ အရေးကြီးပါတယ်။ ဒီဟာတွေကို ပြည်သူတွေ သိရှိလာတာနဲ့အမျှ ပိုပြီးတော့ မျှော်လင့်ချက်အားကောင်းလာမယ်။ စိတ်ဝင်စားမှု အားကောင်းလာမယ်။

သတင်းအဖွဲ့

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၂၇**

၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်းရှိ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို စတင်စိုက်ပျိုးကြပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ပိတောက်၊ ပျဉ်းကတိုး၊ မန်ကျည်းစသည့် ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တို့တွင်လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ တစ်ပြိုင်တည်းကျင်းပပြီး သတ်မှတ်နေရာများ၌ ပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစုများ ဘာရာများ၌ အခြေတကျနေထိုင်နေမှုအခြေအနေ၊ Modular House များ ဆောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ သွယ်တန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့၌ စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

**ကြံခင်း ဇွန် ၂၇**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၈နာရီက ကြံခင်းမြို့ မြို့မရပ်ကွက် ကြံခင်း-ဆိပ်သာလမ်းဘေးရှိ မြို့လယ်အင်းရွာတွင် တတိယအကြိမ်မြောက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးတင့်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများထံသို့ ပျိုးပင် ၂၀၀ အား ပေးအပ်ကြပြီး လူအင်အား ၁၅၀ ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။ ယနေ့တွင် ကျွန်းပင်




၄၀၊ မန်ဂျန်ရှားပင် ၄၀၊ ယူကလစ်ပင် ၄၀၊ မဟော်ဂနီပင် ၄၀၊ ပိတောက်ပင် ၄၀ စုစုပေါင်း အပင် ၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပေါက်ခေါင်း ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး(အနောက်) ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နယ်မြေခံခြေလျင်တပ်ရင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးတိုးနိုင်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသော်မော်ခန့်နှင့် တာဝန်ရှိသူများက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများထံသို့ ပျိုးပင်များပေးအပ်ကြကာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ စိန်ပန်းသေး၊ စိန်ပန်းကြီး၊ ကုက္ကို၊ ငုရွှေဝါ ၊ မန်ဂျန်ရှားပင် စုစုပေါင်း အပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**




# ဟင်္သာတမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဟင်္သာတ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ



သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် ကနောင်စုရပ်ကွက် ပြည်လုံးကပ်ကျော် ဦးပါရဲနိမ္မိတရန်အောင်မြင်စေတီတော် ဘုရားဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲကိုဦးဆောင်စိုက်ပျိုးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ ကံ့ကော်၊ မန်ဂျန်ရှား စသည့်သစ်မျိုးငါးမျိုး စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**ဝါးခယ်မ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျုံစိန်ကျေးရွာအုပ်စု မြို့ရှောင်လမ်း၌ ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဝါးခယ်မမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံတောအုပ် ဦးမင်းမင်းဦးနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မန်ဂျန်ရှား၊ မဟော်ဂနီ၊ ပျဉ်းကတိုး စုစုပေါင်း ပျိုးပင် ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**



# မြန်အောင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြန်အောင် ဇွန် ၂၇**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက နွယ်ငြိမ်းတောင်ပေါ်ကျောင်းဝင်းအတွင်း ကျင်းပသည်။

ဦးစွာ သစ်ပင်စိုက်ပျိုးရန်အတွက် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ဒုတိယဗိုလ်မှူးကြီး ဇော်ဟိန်း၊ ဒုတိယရဲမှူးကြီး မြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ မြန်အောင်ရေနံမြေ




မန်နေဂျာကြီးနှင့် ဝန်ထမ်းများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းလှိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာများတွင် နေရာယူပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာသူများအား ပျိုးပင်များ ဖြန့်ဝေပေးအပ်ခဲ့ပြီး မည်စည်ပင်အား ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။

ထို့နောက် ကျွန်း၊ ပိတောက်၊ မန်ဂျန်ရှား၊ ခရေ၊ ဗာဒံ စသည့် စုစုပေါင်း ပျိုးပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

# မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်အလယ်တိုက်ကြီး ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန် အလှူငွေနှင့် ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်း

မန္တလေး ဇွန် ၂၇

မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ အောင်မြေသာစည်အလယ်တိုက်ကြီး ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများလှူဒါန်းပွဲနှင့် ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ အောင်မြေသာစည် ထေရာသနတိုက်ကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယမဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက မင်္ဂလာသီရိ အုဋ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဒါတာသိရီဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည် အလယ်တိုက်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန်အတွက် သီတဂူဆရာတော်ဘုရားကြီးမှလှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၁၀၀၀၊ အဝေရာရာမ ရန်ကင်းဆရာတော်ကြီးနှင့်တပည့်သံဃာတော်များမှ လှူဒါန်းသည့်အလှူတော်ငွေကျပ်သိန်း ၃၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုမြို့ သန္တမေဒနီကျောင်းဆရာတော်မှ လှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၃၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံ၍ အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသည့် ဘိလပ်မြေအိတ် ၁၀၀ ကိုတာဝန်ရှိသူများထံ လှူဒါန်းပေးအပ်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**သတင်းစဉ်**



# တပ်ကုန်းမြို့၌ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် သွားခံတွင်း ကျန်းမာရေးစစ်ဆေး

တပ်ကုန်း ဇွန် ၂၇

နေပြည်တော်တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နေပြည်တော်သွားဆေးရုံနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် သွားခံတွင်းကျန်းမာရေးစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုအန္တရာယ်အကြောင်း၊ နေပြည်တော်တိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်သူရက သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) ဦးကျော်ဇင်ထွန်းက ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း၊ မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဦးတင်အေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် နေပြည်တော်သွားဆေးရုံမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ခင်စီနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းနှင့်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် KG တန်းမှ G –12 တန်းအထိ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ လက်တွေ့သွားတိုက်နည်းစနစ်သင်ကြားခြင်းနှင့် သွားနှင့်ခံတွင်းများ စစ်ဆေးပေးခဲ့ပြီး ကုသရန်လိုအပ်သည့် ကျောင်းသား ကျောင်းသူများအား ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ထားဝယ်မြို့၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ထားဝယ် ဇွန် ၂၇

ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက အမှာစကား ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခိုင်ဇာသွယ်က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ဖြစ်ပေါ်လာပုံ၊ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်း၏ရည်ရွယ်ချက်၊ ကမ္ဘာပေါ်တွင်အအေးပေးပစ္စည်းများ အသုံးပြုမှုအခြေအနေ၊ အအေးပေးဒြပ်ပစ္စည်းအမျိုးမျိုး၊ အအေးပေးဒြပ်ပစ္စည်းများအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ၊ ဆိုးကျိုးများကို ကာကွယ်ရန် နိုင်ငံတကာ၏ဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု၊ အအေးပေးပစ္စည်းများအသုံးပြုရာတွင် လိုက်နာရမည့်အချက်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍တာဝန်ရှိသူများက တက်ရောက်လာသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အအေးပေးပစ္စည်းများ အကြောင်းသိကောင်းစရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး စွန့်ပစ်အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံးလေးပုံးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**





# ရေကြည်မြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲ ကျင်းပ

ရေကြည် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ပြည်တော်အေးမင်္ဂလာဓမ္မာရုံ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ကြည်ကြည်စိုးက ဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ စားသောက်ဆိုင်၊ ဟိုတယ်တည်းခိုခန်းနှင့် ရတနာရောင်းချခြင်းလုပ်ငန်းများ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှု ဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




သန်လျင်ပြည်သူ့ဆေးရုံကြီးနှစ်ပတ်လည်နေ့ Hospital Family Day ကို ဇွန် ၂၇ ရက်က ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ထူးချွန်ဝန်ထမ်းများအား ဆေးရုံအုပ်ကြီး ဒေါက်တာချောနဒီက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

သန်းဝင်း(သန်လျင်)

# မြန်အောင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး



မြန်အောင် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေးက၊ အထက(၁)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စူပါဦး**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဋာကောင်းမှုတော်စေတီ၊ မေတ္တာကန်၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီလှစေတီတို့အား အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ် ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများနှင့် မဟာစေတီလှစေတီ အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာ ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ဣန္ဒကာရာမကျောင်းတိုက်၊ တောလေးထပ်ကျောင်းတိုက်၊ ရွှေဟင်္သာတိုက်သစ်၊ ရွှေမုဋ္ဌောစေတီနှင့် နဝလောဟာကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်သည်။ ၎င်းနောက် ချမ်းသာကြီးဘုရားသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီး၏ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များ ရှင်းလင်းနေမှု အခြေအနေများ၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများ ယာယီနေထိုင်နိုင်ရန်အတွက် ရွာထောင်ရပ်ကွက်တွင် Modular House များရောက်ရှိ နေရာချထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးသင့်ပြည်သူများအတွက် Modular House များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် သာသနာ့ဗိမာန်ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြပ်မတ်ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့အတွင်းရှိ သာသနိကအဆောက်အအုံအပျက်အစီးများ ဖယ်ရှားလင်းရှင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိမင်းရှင်စောတည်ထားကိုးကွယ်တော်မူသည့် ရွှေကျီးမြင်မြတ်စွာဘုရားသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော စေတီတော်နှင့် ဂန္ဓကုဋိတိုက်ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများနှင့် အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အလယ်တိုက်ကျောင်း၊ ရွှေကျောင်း၊ တတိုက်လုံးကျောင်း၊ ဥယျာဉ်ကျောင်းများရှိ အပျက်အစီးများကို တပ်မတော်သားများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ အသစ်ပြန်လည် တည်ဆောက်မည့် ကျောင်းဆောင် မြေနေရာဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်၍ ကျောင်းထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ် အဓိဋ္ဌာန်ထက်မြပုခက် နန်းဦးဆုတောင်းပြည့်စေတီတော်၌ အဆောက်အအုံအပျက်အစီးများ ဖယ်ရှားလင်းရှင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ အဓိဋ္ဌာန်ထက်မြပုခက် နန်းဦးဆုတောင်းပြည့်စေတီတော်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဇွန် ၂၇ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ဇင်မင်းထိုက်(ထန်းတပင်)

# တောင်ဥက္ကလာပမြို့နယ်၌ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်း ဒေသကြီး တောင်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (တောင်ဥက္ကလာပမြို့နယ်) တို့ပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း



သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) MANA၏ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးသိန်းကြည်က MANA အသင်းအကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင်ကော်မတီဝင် တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်ထွန်းက မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များကို အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း(ဗဟို) မူးယစ်တားဆီးကာကွယ်ရေး ဒုရဲမှူး မင်းမင်းထက်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# မိုးညိုမြို့၌ ငလျင်ဘေးအန္တရာယ်အသိပညာပေး ဟောပြော

**မိုးညို ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အထက(မိုးညို)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းထွေးတို့က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးသော်ထက်အောင်က ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှုကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**



# ငယ်စဉ်အခါမှာ ပညာရှာပါ

မောင်ကမ္ဘာ

**မုတ်သုံမိုးက ယခုရက်ပိုင်းအတွင်း နေ့စဉ်နီးပါးရွာသွန်းလျက်ရှိသည်။ မိုးကြောင့် ပတ်ဝန်းကျင်သည် စိမ်းစိုလန်းဆန်းနေသည်။ ကျောင်းတက် ကျောင်းဆင်းချိန်နှင့် ကြုံကြိုက်ပါက ဝန်းကျင်တစ်ခိုသည် ပို၍ စိမ်းမြသစ်လွင်နေတော့သည်။ သည်မြင်ကွင်းကား အခြေခံပညာကျောင်းများဖွင့်လှစ်ချိန် ဇွန်လရောက်လျှင် တွေ့မြင်နေကျ မြင်ကွင်းတစ်ခုဖြစ်သော်လည်း ဘယ်သောအခါမျှမရိုးနိုင်ပါပေ။ စိတ်အစဉ်ကို ကြည်နူးချမ်းမြေ့စေသည်။**

ယခုနှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ခြောက်သန်းနီးပါး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ပေးဝေပြီး KG နှင့် မူလတန်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။



၂၀၂၅ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများသို့ တက်ရောက်နေသည့် သင်တန်းသားများ မေ ၁၃ ရက်တွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာစဉ်။

ငယ်စဉ်အခါမှာ ပညာရှာကြရပေမည်။ ပညာခေတ်တွင် ပညာရေးသည် လူတိုင်းအတွက် အရေးပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မိမိတို့နိုင်ငံအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်လာကြသည်။

### တီထွင်ဆန်းသစ်မှုရှိလာစေရန် ဉာဏ်အလင်းဖွင့်ပေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကျောင်းသား ကျောင်းသူများကို သိပ္ပံပညာအကြောင်း ပြောပြလာနိုင်စေရန်၊ သိပ္ပံပညာရပ်ကို သင်ယူလာနိုင်စေရန်၊ သိပ္ပံပညာရပ်ကို အသုံးပြုလာနိုင်စေရန်နှင့် တီထွင်ဆန်းသစ်မှုရှိလာစေရန် ဉာဏ်အလင်းဖွင့်ပေးပြီး လက်တွဲခေါ်ဆောင်ပေးလျက်ရှိသည်။

CRI သတင်း၏ အဆိုအရ ၂၀၂၅ ခုနှစ် မေလ ၂၇ ရက်နေ့ နံနက်တွင် တရုတ်နိုင်ငံ စန်းကျန့်မြို့၊ ပေကျင်းမြို့၊ ဟော်ပေပြည်နယ်၊ စန်းတုန်းပြည်နယ်တို့မှ အာကာသဝါသနာရှင် အထက်တန်းကျောင်းသားများကိုယ်တိုင် စမ်းသပ်ပြုလုပ်ထားသော ပထမဆုံး မိုးလေဝသနှင့် အာကာသ စူးစမ်းလေ့လာရေးဒုံးပျံ "ဖေးယန့်-၁" (Feiyan-1)ကို ချင်းဟိုင်ပြည်နယ် လန်ဟူမြို့နယ်တွင် အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့သည်ဟု ဆိုသည်။ ဒုံးပျံပစ်လွှတ်ပြီးနောက်တွင် မြေပြင်ဂြိုဟ်တုလက်ခံစခန်းမှ ရှာဖွေစုဆောင်းရန် စီစဉ်ထားသည့် မိုးလေဝသအချက်အလက်များကို အောင်မြင်စွာ လက်ခံရရှိခဲ့သည်ဟု သိရသည်။

ဖေးယန့်-၁ ၏ တီထွင်စမ်းသပ်မှုကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် စတင်ခဲ့ပြီး အဆိုပါအာကာသဝါသနာရှင် အထက်တန်းကျောင်းသားများက ပေကျင်း-ကျင်ရှိ အာကာသနှင့် လေကြောင်းသိပ္ပံနည်းပညာအခြေစိုက်စခန်းသို့သွားရောက်လေ့လာဆည်းပူးခဲ့ကြပြီး အစီအစဉ်များဆန်းစစ်သုံးသပ်ခဲ့ကြကာ ဒုံးပျံ၏ ပဏာမဒီဇိုင်းကို ပြီးမြောက်အောင် ရေးဆွဲခဲ့ကြသည်။

ယင်းနောက် သက်ဆိုင်ရာကျောင်းများသို့ ပြန်သွားခဲ့ကြပြီး ကျောင်းပြင်ပအချိန်ကို အသုံးချကာ ဒုံးပျံစမ်းသပ်ထုတ်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းလုပ်ငန်းစဉ်များနှင့်အညီ ဒုံးပျံဒီဇိုင်းရေးဆွဲမှု၊ လက်တွေ့စမ်းသပ်မှု၊ အချောသပ်မှု၊ စုပေါင်းမှု၊ တပ်ဆင်မှုနှင့် စမ်းသပ်စစ်ဆေးမှုတို့ကို ပြီးမြောက်သည်အထိ စနစ်တကျ လုပ်ဆောင်ခဲ့ကြသည်။

စန်းကျန့်မြို့ ယန့်ချွမ်းအထက်တန်းကျောင်းမှ အထက်တန်းကျောင်းသားတစ်ဦးဖြစ်သူ ဝမ်ယွိနင်က ဒီဇိုင်နာချုပ်အဖြစ် တာဝန်ယူခဲ့သည်ဟုဆိုသည်။ ဝမ်ယွိနင်သည် ငယ်စဉ်ကတည်းက ဒုံးပျံနှင့် အာကာသဆိုင်ရာ ပညာရပ်များကို စူးစမ်းလိုစိတ်ရှိပြီးလေကြောင်းအာကာသ အသိပညာများကို စနစ်တကျ လေ့လာဆည်းပူးခဲ့သည်။ ယန့်ချွမ်းအထက်တန်းကျောင်း လေကြောင်းနှင့် အာကာသဆိုင်ရာ အထူးပညာသင်ကြားရေးစနစ်၏ အားပေးမှုနှင့်အတူ အာကာသအသင်းကို ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဒုံးပျံဒီဇိုင်းရေးဆွဲမှု၊ လောင်စာဖော်စပ်မှု၊ လေကြောင်းအီလက်ထရောနစ်ထိန်းချုပ်ရေး စသည့် အသိပညာများကို သင်ယူခဲ့သည်ဟု ဆိုသည်။

ဖေးယန့်-၁ အာကာသစူးစမ်းလေ့လာရေးဒုံးပျံသည် တရုတ်နိုင်ငံ နေရာဒေသအနှံ့မှ အာကာသဝါသနာရှင် အထက်တန်းကျောင်းသားများ ကိုယ်ပိုင်သဘောဆန္ဒဖြင့် စတင်ခဲ့သည့် အာကာသသိပ္ပံတီထွင်မှု စီမံကိန်းတစ်ခုဖြစ်ပြီး ဒုံးပျံပညာရှင်များ၏ လမ်းညွှန်မှုအောက်တွင် အထက်တန်းကျောင်းသားများကိုယ်တိုင် တီထွင်ပြုလုပ်ခဲ့ကြသော ပထမဆုံး အာကာသစူးစမ်းလေ့လာရေးဒုံးပျံဖြစ်ကြောင်း သိရသည်။

### ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းကျောင်းများ နှစ်စဉ်ဖွင့်လှစ်

မြန်မာနိုင်ငံတွင်လည်း ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းနှင့်အာကာသ သိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(လေ)က လေကြောင်းလူငယ်သင်တန်းများကိုလည်းကောင်း၊ တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရေကြောင်း လူငယ်သင်တန်းများကိုလည်းကောင်း နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အိမ်နီးချင်း လာအိုနိုင်ငံတွင်လည်း ပညာရေး၏တန်ဖိုးကို မြှင့်တင်ရန်၊ ကျောင်းထွက်နှုန်းလျှော့ချရန်နှင့် နိုင်ငံတစ်ဝန်း အခြေခံပညာသင်ကြားခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်စေရန် ရည်ရွယ်၍ လှုံ့ဆော်မှုအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန် ပညာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသည် စီးပွားရေးကျပ်တည်းခြင်းနှင့် ပညာရေးတန်ဖိုးအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် ကျောင်းထွက်နှုန်း မြင့်မားလာခြင်းကို ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ရာတွင် ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ကျောင်းတက်ရခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြနိုင်ရန်နှင့် ပညာရေးသည် လူမှုဘဝအတွက်ရော လုပ်ငန်းခွင်အတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်းကို လာအိုပြည်သူများ နားလည်ပြီး လက်ခံလာအောင် တိုက်တွန်းလှုံ့ဆော်နိုင်မည့် ဗီဒီယိုတစ်ခုဖန်တီးနိုင်ရန် ဇာတ်ညွှန်းရေးသားခြင်းနှင့် ပုံပြောခြင်းတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

### ပညာရေး၏တန်ဖိုးနှင့်ပတ်သက်၍ ဘဝဇာတ်ကြောင်းများ

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့မူ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ပညာရေး၏ တန်ဖိုးနှင့်ပတ်သက်၍ ငယ်စဉ်အခါမှာ ပညာမရှာခဲ့၍ ကြီးခါမှ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်နေရသော ဗာရာဏသီပြည်မှ ကုဋေရှစ်ဆယ်သူဌေးသားတစ်ဦး၏ ဘဝဇာတ်ကြောင်း၊ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလက ပထမအရွယ်တွင် လုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ်ပါက လောကီအရာတွင် ပထမတန်းထိပ်တန်းသူဌေးကြီး၊ လောကုတ္တရာနယ်ပယ်တွင် ကိလေသာအာသဝေါတရားကင်းစင်သော ရဟန္တာအရှင်မြတ်အဖြစ် လည်းကောင်း၊ ဒုတိယအရွယ်တွင် အသိတရားရပြီး ကြိုးစားအားထုတ်ပါက လောကီအရာတွင် ဒုတိယတန်းစားသူဌေး၊ လောကုတ္တရာနယ်ပယ်တွင် အနာဂါမ်၊ သကဒါဂါမ်အဖြစ် လည်းကောင်း၊ တတိယအရွယ်တွင်လည်း အချိန်မနှောင်းမီကြိုးစားခဲ့ပါက လောကီအရာတွင် တတိယတန်းစားသူဌေးတစ်ဦး၊ လောကုတ္တရာနယ်ပယ်တွင် သောတာပန်ပုဂ္ဂိုလ်တစ်ဦးအဖြစ် လည်းကောင်း လောကီ၊ လောကုတ္တရာ နှစ်ဝနှစ်ဌာနတွင် တစ်ဖက်ဖက်က အကျိုးများနိုင်ဖွယ်ရှိမည်ဖြစ်သော်လည်း အရွယ်သုံးပါးလုံးကို အချည်းနှီးကုန်ဆုံးခဲ့သဖြင့် အရွယ်လွန်အချိန်နှောင်းကာ အသက်အရွယ်ကြီးမြင့်ချိန်ရောက်မှ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်ခဲ့ရသော အဘိုးအို ဇနီးမောင်နှံနှစ်ဦးတို့၏ ဘဝဇာတ်ကြောင်းတို့ကို လေ့လာမှတ်သားခဲ့ကြဖူးပေမည်။

မျက်မှောက်ခေတ်တွင်လည်း ပညာသည် လူသားတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ လူမှုဘဝနှင့် ပတ်ဝန်းကျင်ကို နားလည်သဘောပေါက်နိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်၍ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိမိသားစုနှင့် လူမှုအဖွဲ့အစည်းအား အကျိုးပြုရန်နှင့် မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက် ငယ်စဉ်အခါကတည်းက ပညာရှာကြရလေသည်။ ပညာသင်ကြားကြရပေသည်။ ဘဝတက်လမ်းအမြင့်သို့ တက်လှမ်းလိုသူတိုင်းအဖို့မူလည်း ပညာရေးနောက်ခံကောင်းမှ၊ ပညာတတ်မှ၊ ပညာရှိမှ လိုရာခရီးပန်းတိုင်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် စီးပွားရေးကျပ်တည်းခြင်းနှင့် ပညာရေးတန်ဖိုးအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် ကျောင်းထွက်နှုန်း မြင့်မားလာခြင်း၊ ကျောင်းအပ်နှံမှု နည်းပါးလာခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ကြသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများအဖို့မူ ပညာရေး၏တန်ဖိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများထက် ဆယ်စုနှစ်များစွာ ရာစုနှစ်နီးပါး စောစီးစွာနားလည်သဘောပေါက်ခဲ့ကြပြီး လက်ရှိ ပညာရေးစနစ်ကိုလည်း ခေတ်နှင့်လျော်ညီစွာ အထပ်ထပ်မွမ်းမံတည်ဆောက်ခဲ့ကြ၍ ယနေ့ကမ္ဘာတွင် ဦးဆောင်မှုအခန်းကဏ္ဍကို ဆက်လက်ရယူနိုင်ခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ ပညာခေတ်တွင် ကျောင်းသား လူငယ်မောင်မယ်များသာမက ကျောင်းသားမိဘများကိုယ်တိုင် ပညာရေး၏တန်ဖိုးကို နားလည်သဘောပေါက်ကာ မိမိတို့ရင်သွေးငယ်များ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မပျက်မကွက် ပညာသင်ကြားသင်ယူနိုင်ရေးအပေါ် အလေးထား အားပေးဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**"ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် စီးပွားရေးကျပ်တည်းခြင်းနှင့် ပညာရေးတန်ဖိုးအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် ကျောင်းထွက်နှုန်းမြင့်မားလာခြင်း၊ ကျောင်းအပ်နှံမှု နည်းပါးလာခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ကြသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများအဖို့မူ ပညာရေး၏တန်ဖိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများထက် ဆယ်စုနှစ်များစွာ ရာစုနှစ်နီးပါး စောစီးစွာနားလည်သဘောပေါက်ခဲ့ကြပြီး လက်ရှိပညာရေးစနစ်ကိုလည်း ခေတ်နှင့်လျော်ညီစွာ အထပ်ထပ်မွမ်းမံတည်ဆောက်ခဲ့ကြ၍ ယနေ့ကမ္ဘာတွင် ဦးဆောင်မှုအခန်းကဏ္ဍကို ဆက်လက်ရယူနိုင်ခြင်းဖြစ်"**

# မုတ်သုံလေ အားကောင်းလာနိုင်ခြင်းနှင့် လေပွေလှိုင်းများ၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၇**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၃ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## သာပေါင်းမြို့နယ်၌ ရေဘေးကာကွယ်ရေး သရုပ်ပြပွဲပြုလုပ်

**သာပေါင်း ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကမ္ဘဲ့ကျေးရွာ ငဝန်တာတွင် ယမန်နေ့နံနက်ပိုင်းက ရေဘေးကာကွယ်ရေး သရုပ်ပြပွဲ ပြုလုပ်သည်။

ဦးစွာ ပုသိမ်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်လင်းအောင်က ရေဘေးကာကွယ်ရေးတာများ မကျိုးပေါက်နိုင်ရန် သာပေါင်းမြို့နယ် ငဝန်တာတွင် ရေကင်းစခန်း လေးခု ဖွင့်လှစ်ထားရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကာကွယ်ရမည့်နည်းလမ်းများကို သရုပ်ပြရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိဦးထိန်လင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်တို့က မြစ်ရေကြီးမြင့်လာချိန်တွင် အလံအစိမ်းရောင်၊ စိုးရိမ်ရေအမှတ်ရောက်ချိန်တွင် အလံအဝါရောင်၊ အန္တရာယ်ရေအမှတ်ရောက်ချိန်တွင် အနီရောင်အလံဖြင့် ပြည်သူများအား သတ်မှတ်စိုက်ထူ သတိပေးပြသထားရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အရေးပေါ်ရေအမှတ်သတိပေးအလံများ လွှဲပြောင်းပေးအပ်ခဲ့ကြပြီး တတ်ရောက်လာကြသူများအား ရေဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## နောင်တရားမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

**နောင်တရား ဇွန် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းမှ စက်ချုပ်နည်းပညာ သင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

**လက်ခံရယူ**

သင်တန်းဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီတင်က အမှာစကားပြောကြားသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ခင်မော်က စက်ချုပ်နည်းပညာသင်တန်းသုံး ပစ္စည်းများကိုပေးအပ်ပြီး သင်တန်းသားနှစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၅ ရက်အထိ လုပ်ငန်းသုံးပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ ပြည့်စုံစွာဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

**ဖွင့်လှစ်**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာသင်တန်းများဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အခြေခံအိမ်တွင်းလျှပ်စစ် သွယ်တန်းခြင်းနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းနှင့် စက်ချုပ်နည်းပညာ သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြဝတီမြို့ပေါ်ရှိ ဟိုတယ်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**မြဝတီ ဇွန် ၂၇**

ကရင်ပြည်နယ် မြဝတီမြို့ပေါ်ရှိ Grade One Hotel၊ Myawaddy Hotel၊ Hotel Yadanar စသည့် ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ တာဝန်ခံများ၊ ဟိုတယ်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် Grade One ဟိုတယ်နှင့် Myawaddy ဟိုတယ်တို့၌ ဆောင်ရွက်သည်။



ထိုသို့ ထိုးနှံပေးရာတွင် မြဝတီခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဝင်းနှင့် ခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်တို့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူ တစ်ဦးချင်း၏ အချက်အလက်များ ကောက်ယူ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည်။ ယနေ့တွင် မြဝတီမြို့ပေါ်ရှိ ဟိုတယ်များမှ ဝန်ထမ်းများနှင့် မိသားစုဝင် ၂၃၀ ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မိချောင်းရဲမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး စစ်ဆေး

**မိချောင်းရဲ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မိချောင်းရဲမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်၊ လျှပ်စစ်ဓာတ်အားလျော့နည်း ပျောက်ဆုံးမှုမရှိစေရန်နှင့် တရားမဝင်လျှပ်စစ်ဓာတ်အား သုံးစွဲမှုမရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်လျှပ်စစ် အင်ဂျင်နီယာဦးဆောင်ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)

## ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားအား ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော RJE Services Company Limited မှ အာမခံအလုပ်သမား ဦးနိုင်လင်း အလုပ်တွင် ထိခိုက်မှုဒဏ်ရာကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၉၀၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ရီရီလှိုင်အား အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇွန် ၂၇**

ယနေ့ မြန်မာစံတော်ချိန် ၂၁ နာရီ၊ ၂၈ မိနစ်၊ ၁၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၃၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာ ခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ သမဦးစီး(၁)လမ်း၊ ကွင်းအမှတ် (၁၀၃၈)၊ ကွင်းအမည် (ငှက်ပျောတော)ကွင်း၊ ဦးပိုင်အမှတ် (၉/၂၀ က)၊ မြေလုပ်ကိုင်သူအမည် ဦးအောင်မြတ်မိုးအမည်ဖြင့် မြေဧရိယာ (၀.၂၀)ကေရှိမြေနှင့် ဦးပိုင်အမှတ် (၉/၂၀ ဃ) မြေလုပ်ကိုင်သူ- ဒေါ်အေးအေးမြင့် အမည်ပါဧရိယာ (၀.၀၇)ကေ၊ စုစုပေါင်းဧရိယာ (၀.၂၇)ကေ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ- ဦးအောင်ကိုလင်း (ဘ) ဦးဝင်းအောင် [၁၂/ သဃက (နိုင်) ၁၈၅၄၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးဝင်းမြင့် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၇)**
**(မမ/၃၂၄) တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ၀၉-၅၀၄၁၄၈၃**

## အများသိစေရန်ကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗညားဒလ၊ မြေကွက်အမှတ်-၁၂၀၇/က၊ ဧရိယာ (၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၁၂၀၇/က၊ ဦးအောင်ဇေယျ (၁၀) လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ဦးအောင်ကျော်ဆွေ [၁၂/ဒလန (နိုင်) ၀၂၂၅၄၀] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်ကျော်ဆွေကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာများ၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ အမှုတွဲအမှတ်- ၃၀၀၃ အရ (၂၄-၇-၉၈) နေ့တွင် ထုတ်ပေးထားခဲ့သည့် ဦးအောင်ကျော်ဆွေ [၁၂/ဒလန (နိုင်) ၀၂၂၅၄၀] အမည်ဖြင့် မူလနှစ် (၆၀) မြေငှားစာချုပ် (ဂရန်) မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ကိုယ်စား**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အ.ထ.က(၅) ဗိုလ်တထောင်၌ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်တွင်၊ Grade-10(B)မှ မောင်မူဟာမတ်အာဇိစ်၊ Grade- 7(B)မှ မူဟာမ္မဒ်အပ်ဒူလ္လာနှင့် Grade-6(B)မှ မအာတီယာခေါ်ဆောရ်တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းအရ ဦးမာမောက်အာယုပ် [၁၁/မတန(ပြု)၀၀၂၁၄၁] ဖြစ်ပါကြောင်း။ **ဦးမာမောက်အာယုပ်**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေ ဦးမျိုးထွဋ်၏ သား မောင်ခန့်စည်သူမျိုး [၁၂/ဒလန(နိုင်)၀၈၆၃၁၂] ကိုင်ဆောင်သူ၏ BST ကတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၇၆၆၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅၃၂/ဘီ)၊ မြေကွက်အမှတ်-(၆၅)၊ ဧရိယာ- (၀.၀၈၂ကေ)၊ (၆၀'x၆၀')ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး၊ လျှပ်စစ်မီတာ(၂)လုံး၊ ရေမီတာ(၁)လုံး၊ ရေပူရေအေးစက်(၂)လုံး၊ မော်တာပန့်(၁)လုံး၊ Air-Con- (၇)လုံး၊ CCTV-(၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မိမိခိုင် [၁၂/မရက(နိုင်)၁၁၀၄၃၁] မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်း၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမိမိလှိုင် [၉/ဝတန(နိုင်)၀၃၂၁၆၉] ထံသို့ ရောင်းချရန်စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင့်ဝင့်ပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၈၉)**
**အမှတ်-(၈)၊ နဝရတ်လမ်းသွယ်(၃)လမ်း၊ ပထ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၁၅၆၄၈၆၃၊ ၀၉-၄၄၃၁၄၈၃၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၊မြေကွက်အမှတ်-၁၁၆၇/ခ၊(၁၂၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၁၁၆၇/ခ)၊သုမဋ္ဌာ(၂)လမ်း၊(၂)ရပ်ကွက်၊ဒေါ်တင်တင်ဝေ(MTA-၁၈၀၅၆၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဒေါ်တင်တင်ဝေထံမှ(၃-၅-၂၀၁၅)ရက်စွဲပါအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူဒေါ်နုနုဆွေ(၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးဘုန်းမြင့်)မှမြောက်ဥက္ကလာပမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်(၁၆/၂၀၂၅)ဖြင့်ဒေါ်တင်တင်ဝေအပေါ်ပဋိညာဉ်အတိုင်းအိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ(၂၁-၃-၂၀၂၅)ရက်နေ့ကအထက်ဖော်ပြပါမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ်ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အမိန့်ရရှိခဲ့ပြီး၊ယင်းတရားရုံး၏တရားမဇာရီမှုအမှတ်-၁၉/၂၀၂၅/၇-၅-၂၀၂၅ရက်စွဲပါအမိန့်အရတရားရုံးကိုယ်စားဘီးလစ်ဒေါ်သူဇာ(၆/ထဝန(နိုင်)၀၂၆၃၄၃)မှဖော်ပြပါတရားရုံးအမိန့်များ၊ဘီးလစ်ခန့်အပ်စာ၊ဂရန်မူရင်းတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငွေချက်ထုတ်ရန်ဆင့်စာ

## တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၃၈

| ဦးအောင်သူ | နှင့် | ဦးဘသန့် |
|---|---|---|
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ (၂၀)ရပ်ကွက်၊ ထင်းရှူးမြိုင်လမ်း၊ အမှတ်(၆၀၆/က)နေတရားပြိုင်ဦးဘသန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်သူက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် အထက်က အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀.၃)၊ ဦးပိုင်အမှတ်(၁၅)၊ ၇၃လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာယု [၅/မရန (နိုင်) ၀၁၅၀၅၃]က အမှုတွဲအမှတ်(၀၇၂၈/၂၀၂၅-၂၀၂၆)ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀.၃)၊ ဦးပိုင်အမှတ်(၁၅)၊ ၇၃လမ်း၊ ၁၁၃x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာယု [၅/မရန (နိုင်) ၀၁၅၀၅၃]က အမှုတွဲအမှတ် (၀၇၂၉/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၇ လမ်း(အောက်)၊ အမှတ် (၄၀)၊ (၃-လွှာ) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးအိက်ဘား [၈/ပခတ(ဧည့်)၀၀၀၁၂၉] ကိုင်ဆောင်သူထံမှ ဒေါ်ကေခိုင်ဝင်း [၁၄/မအန(နိုင်)၁၅၀၈၂၆]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်မျိုးမျိုးမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၉၄၆)**
**အခန်းအမှတ် (၇၀/၆-လွှာ)၊ မဟာမြိုင်ရဲရိပ်သာ၊**
**ကျွန်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**
**09-420066862**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉/က) ရပ်ကွက်၊ ဇေယျာမြိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/က)၊ မြေကွက်အမှတ် (၂၅၄/က)၊ ဒေါ်အေးအေးသက်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(မူရင်း)၊ မြေအကျယ်အဝန်း အလျား (၂၀ ပေ. ၆ လက်မ) xအနံ (၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် ရေ၊ မီး အပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးသက် (ဘ)ဦးဟလယ် [၁၀/မဒန(နိုင်) ၀၉၇၄၅၈]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှလှသင်း(ဘ)ဦးအောင်သန်း [၁/မမန(နိုင်)၀၀၃၄၈၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်ညီမ်းညီမ်းထွေး (LLB, DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၃၁၅)** | **(စဉ်-၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉-၇၆၃၉၆၇၂၈၄**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ်(၈၄)တွင် တည်ရှိသော MSC Crewing Services Myanmar Co.Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

MSC Crewing Services Myanmar Co.Ltd သည် RGE No(132977755/2022) ဖြင့်မှတ်ပုံတင်ထားပြီး မြန်မာပြည်တွင် တရားဝင်ကုမ္ပဏီဖွင့်လှစ်၍ ပြည်တွင်း/ပြည်ပရှိ သင်္ဘောသားများအား ပို့ဆောင်ပေးလျက်ရှိပါသည်။

**မှတ်ပုံတင်အမှတ်( 132977755/2022)**

အထက်တွင် ကပ်နှိပ်ဖော်ပြထားသည့် **လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား**ကိုအသုံးပြု၍ MSC Crewing Services Myanmar Co.Ltdသည် သင်္ဘောသားများပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း”ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။

MSC Crewing Services Myanmar Co.,Ltd. နာမည် ဂုဏ်သတင်းကျဆင်းစေရန်နှင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ အကျိုးစီးပွားအားနစ်နာဆုံးရှုံးစေရန် တမင်ရည်ရွယ်၍ **ONLINE MEDIA** များတွင် ဓာတ်ပုံများ၊နာမည်များအား ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေးကွန်ရက်များတွင် အသုံးပြု၍ အများပြည်သူများအထင်အမြင်လွဲစေရန် **Post** များတင်၍ မဟုတ်မမှန်ပြောဆိုရေးသားခြင်း၊ မှတ်ချက်**(Comments)**တွင် “ရိုင်းပျစွာရေးသားခြင်းများ’ကို ယနေ့မှစ၍ မပြုလုပ်ကြပါရန်နှင့် နောက်နောင်တွင်ပြုလုပ်ခြင်းများ တွေ့ရှိခဲ့ပါက ကုမ္ပဏီ၏အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-450023651,09-793568375**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၂၅ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၉)ပါ သဃ်န်းကျွန်းမြို့နယ် ကြော်ငြာတွင် အမည်ပေါက် ဒေါ်သန်းသန်းညွန့်(မိခင်)၊ ဦးကြည်ဝင်း (ဖခင်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဥတုရာသီ တောကို မှီ၏**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန့်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ် (၁၂/A)၊ အခန်းအမှတ်(၀၀၁) ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ဇေယျ [၁/မကန(နိုင်)၀၅၄၆၈၃] ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်ကြည်ကြည်ပြုံး [၁၃/တကန(နိုင်)၀၅၄၆၈၃] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ လူနေရပ်ကွက်အမှတ်-၁၂၃၊ မြေကွက်အမှတ်(၄၅၇)၊ အကျယ်အဝန်း(အလျား ၄၀ပေxအနံ ၆၀ပေ)ရှိ မြေချပါမစ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသည့် (၁) ဒေါ်နော်မာဂရက် [၁၂/ရကန(နိုင်)၀၁၆၅၈၈]၊ (၂) ဦးသက်ဇော်ထိုက် [၁၂/ဒဂရ(နိုင်)၀၁၉၇၀၁] နှင့် (၃) ဒေါ်သင်းသင်းနွယ် [၁၂/ခရန(နိုင်)၁၀၅၉၅၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကြည်မိုးဝင်း [၇/ထတပ(နိုင်)၀၄၆၅၀၃]နှင့် ဦးကျော်သူရ [၇/ပခန(နိုင်)၀၀၁၉၉၈] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း ( L L.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)**
**အမှတ်(၆၄၀/ခ)၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဦးဇေယျလမ်း၊ မြေကွက်အမှတ်(၂၄၄/က)၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဒေါ်ကြည်ကြည်(AC-၀၃၃၃၀၂)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ချိုဝေလွင် [၅/မရန(နိုင်)၂၆၀၄၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
|---|---|
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ ဟံသာဝတီလမ်းသွယ်(၁)၊ မြေကွက်အမှတ်(၁၂ဂ၆)ဟုခေါ်တွင်သောအလျား×အနံ(၄၀×၆၀)ပေမြေကွက်သည် **ဒေါ်ခင်ခင်ချို(KMDE-၀၀ရ၈၁၉)** အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးကိုအမည်ပေါက်ပိုင်ရှင်ထံမှဝယ်ယူထားသူ **ဦးစိုးမိုးဦး (၈/ရစက(နိုင်)၂၆၁၆၃၄)**သည်ထိုမြေကွက်ကြီးအနက်မှ(မြေကွက်အမှတ်-၁၂ဂ၅ နှင့်ကပ်လျက်)တရားဝင်မခွဲစိတ်ရသေးသော အလျား×အနံ (၂၀×၆၀)ပေ(ဂရန်မူရင်းခြမ်း)မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုလျက်အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အိအိနိုင်(၉/ကပတ(နိုင်)၂၂၉ရ၀၂)**မှအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ **“နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် အရောင်းအဝယ်”**ကို ဥပဒေနှင့်အညီပြီးမြောက် အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အိအိနိုင်၏လွှဲအပ်ညွှန်ကြားချက်များအရ-**
ဒေါ်ဝင့်ဝင့်ထွန်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)
အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၂၆၁၁၀၁၁၃၄

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ဒူးယား(၂)လမ်း၊မြေကွက် အမှတ်(၁၂၉၇+၁၂၉၈)ဟုခေါ်တွင်သော အလျား×အနံ(၆၀×၈၀)ပေ၊ဧရိယာ(၀.၁၁၀)ကေ၊ စတုရန်းပေ(၄၈၀၀)ရှိ **ဦးသက်ထွန်း** အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှတရားဝင်မခွဲစိတ်ရသေးသောအလျား×အနံ(၁၀×၆၀)ပေဂရန်မိတ္တူခြမ်းမြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်၊ရေ+မီးအပါအဝင်အိမ်ခြံမြေနှင့်ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ **ဒေါ်စန္ဒာမိုး(၁၂/သဃက(နိုင်)၀၄၅၃၀၁)** မှလက်ရှိထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုလျက်အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းခြင်းကိုကျွန်ုပ်၏မိတ်ဆွေဖြစ်များဖြစ်သူ**ဒေါ်ဝေဝေဖြိုး(၈/အလန(နိုင်)၁၆ရ၁၈၅)**၊ **ဒေါ်ဖြူနွယ်ထွန်း (၈/အလန(နိုင်)၁၈၈၆၆၆)**မှအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်၍ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း၊မူရင်းအပြည့်အစုံဖြင့်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ**“နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်”**ကို ဥပဒေနှင့်အညီပြီးမြောက် အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေဖြိုးနှင့်ဒေါ်ဖြူနွယ်ထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
ဒေါ်ဝင့်ဝင့်ထွန်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)
အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၂၆၁၁၀၁၁၃၄

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးအခြား ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEP/25-26 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် MOEP Data Center Protection and Management System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/MOEP/25-26 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် Network Upgrading and Monitoring System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ဂ | 3(T)/MOEP/25-26 | Desktop Computer နှင့် Laptop Computer များဝယ်ယူရန်။ |
| ဃ | 4(T)/MOEP/25-26 | Printer နှင့် ငွေရေစက်များ ဝယ်ယူရန်။ |
| င | 5(T)/MOEP/25-26 | Copier များ ဝယ်ယူရန်။ |
| စ | 6(T)/MOEP/25-26 | စားပွဲ၊ ကုလားထိုင်၊ ဖိုင်တင်စင်၊ မီးခံသေတ္တာ၊ Cabinet နှင့် သံဗီရိုများ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား တင်ဒါပိတ်ရက် (၁၁-၇-၂၀၂၅)ရက် (၁၃:၀၀)နာရီ အချိန်တွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင်မှတ်ပုံတင်ထားသော"MV-ZWE THIHA" {ON.6355(A)} အမည်ရှိ ကမ်းထိုးကုန်တင်(သံ)ရေယာဉ် (အလျား ၆၅.၈၈မီတာ၊ အနံ ၁၅.၂၄ မီတာ၊ စောက် ၄.၂၇မီတာ၊ တန်ချိန် (၁၀၅၁.၃၅)အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးစိုးမြင့်အောင် [၁၂/တတန(နိုင်)၀၀၀၈၉၆]အမည်မှ ဦးဝေဖြိုးထွန်း [၁၂/ကမရ(နိုင်)၀၆၁၇၅၃] အမည်သို့ ပြောင်းလဲပေးပါရန်ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းအမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ် (၅၈၀)၊အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးမောင်နိုင် အမည်ပေါက်** ပါမစ်မြေကွက်နှင့်ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူထားပြီး လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း **ဦးစွမ်းပြည့်လင်း [၁၂/ဒဂတ(နိုင်)၁၀၅၀၆၃]**မှဝန်ခံသဖြင့် ဦးစွမ်းပြည့်လင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ (LL.B., D.B.L, D.I.L, WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၆၀/၂၀၁၇)**
**အမှတ်- ၈၃၇၊ မင်းရဲကျောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၉၆၈၁၂၁၇**

## "သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ဒေါ်ဝင်းနွယ်ဦး [၁၂/ရကန(နိုင်)၀၅၇၆၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ မပိုင်ဇေသူ (ဘ) ဦးအုန်းလွင် [၁၄/ကကန(နိုင်)၁၆၁၀၀၀] ကိုင်ဆောင်သူသည် မိခင်ဖြစ်သူနှင့် မိသားစုဝင်များ၏ ဆိုဆုံးမမှုအား နာခံခြင်းမရှိ၊ မိခင်ဖြစ်သူနှင့် မိသားစုဝင်များအား အကြိမ်ကြိမ် စိတ်ဆင်းရဲဒုက္ခရောက်စေရန် ပြုမူပြောဆိုခြင်း၊ မိခင်ဖြစ်သူ ဂုဏ်သိက္ခာကျဆင်းစေအောင် ပြုလုပ်ဆောင်ရွက်ခြင်းများကြောင့် ယနေ့မှစ၍ မပိုင်ဇေသူ [၁၄/ကကန(နိုင်)၁၆၁၀၀၀] အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့အား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိမ့်စိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၀၃)**
**အမှတ်(၅၈/၆၀)၊ (ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၅၃၇၁၆၁၂၊ ၀၉-၆၇၀၂၆၇၅၂၈**

## ရန်ကုန်တိုင်းဒေသကြီး၊တံတားမြို့နယ်၊ကလိထော်ကျေးရွာ အုပ်စု၊ကွင်းအမှတ်(၁၃၁-A)၊ကွင်းအမည်(သဘွတ်ခရေးကွင်း)ဦးပိုင်အမှတ်(၄၆/၃)၊ဧရိယာ(၄.၀၂)ဧကရှိ ဦးအောင်ထွန်းကြည်(၁၂/တတန(နိုင်)၀၉၈၀၇၈)အမည်ပေါက် လယ်မြေအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါလယ်မြေကို(ပုံစံ/၇)လက်မှတ်တွင် တရားဝင်အမည်ပေါက်သူ ဦးအောင်ထွန်းကြည် ကိုယ်တိုင်က အရှုပ်အရှင်းကင်းရှင်းစွာလက်ဝယ်ထားရှိ ပိုင်ဆိုင်ပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။အဆိုပါလယ်မြေနှင့်ပတ်သက်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက လယ်ယာမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင် ( LL-B )** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၇၇) |
| Ph-09 253995848, 09 798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း

